ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-1-2008) (၅၅၇၁)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sitaheng Rasphone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Sitaheng Rasphone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kouily A. Souphakher လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားရေး မျိုးစေ့၊ စက်ကိရိယာနှင့် မြေဩဇာလိုအပ်ချက်များ ဖြည့်ဆည်းကူညီ

သတင်း –အောင်နိုင်ဦး(ကြေးမုံ)၊ ဓာတ်ပုံ –ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၇–၂၀၀၈ စိုက်ပျိုးရာသီတွင် ရန်ကုန်တောင်ပိုင်းခရိုင်၌ နှမ်းစပါးကေ ၇၆၀၀၀ စိုက်ပျိုးရန် လျာထားရာ ယခုအခါ ကေ ၄၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

နွေစပါးစိုက်ခင်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်း ကျေးရွာ တောင်သူ ဦးဝင်းရွှေ၏ ခိုင်ရွှေဝါ နွေစပါး ၁၄ ဧကစိုက်ခင်း အောင်မြင်လျက်ရှိသည်ကို တွေ့ရစဉ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၁-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပညာရေးအခြေခံကောင်းများ တည်ဆောက် လူငယ်များ ဘက်စုံထူးချွန်ရေး လှေ့ကျင့်ပျိုးထောင်

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲလာမှုများနှင့်အတူ ဓနအင်အားကြီးမားသော နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးမှုများ၊ တစ်ဖက်စောင်းနင်း ဆက်ဆံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းသို့သော အချိန်အခါတွင် နိုင်ငံတကာအလယ်၌ မိမိတို့နိုင်ငံ ထည်ဝါခိုင်ခံ့စွာ ရပ်တည်နေနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်နေစေရန်လည်း လိုအပ်သည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်များ ချမှတ်ထားသည်။ အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ်တစ်ရပ် ထွန်းကားလာစေရန် ဖန်တီးဖော်ဆောင်နေသည်။

ဆရာကောင်းမှ တပည့်ကောင်းမည်ဖြစ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ အရည်အချင်း၊ အတတ်ပညာနှင့် စိတ်ဓာတ်ခံယူချက်များ ပြည့်စုံရေးတို့သည် ဆရာ၊ ဆရာမများ၏ ပညာသင်ကြား၊ သွန်သင်ဆုံးမ ပြုစုပျိုးထောင်ပေးနိုင်မှုအပေါ်တွင် တည်မှီလျက်ရှိသည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်ပြီး ပညာရပ်အလိုက် အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်လာစေရန် အားထုတ်သင်ကြား ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ခေတ်မီသင်ကြားမှု နည်းပညာသစ်များ၊ အီလက်ထရွန်နစ်သင်ထောက်ကူပစ္စည်းများအပါအဝင် ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ဖြည့်ဆည်းပေးထားမှုများနှင့်အတူ ဆရာ၊ ဆရာမများအားလုံးက မိမိတို့၏တပည့်များအား စိတ်ဓာတ်ကောင်း၊ စေတနာကောင်းဖြင့် သွန်သင်ဆုံးမပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဆက်လက်ပေါ်ထွက်နေမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ဗုဒ္ဓဂယာမဟာဗောဓိ စေတီတော် တည်ထားကိုးကွယ်ရန်အတွက် ဒေါက်တာ ခင်အုန်းသန်း၊ ညီမ ဒေါ်ခင်လေးချို၊ ဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများက အလှူငွေကျပ် ၃၀၀၀၀၀ ကို စေတီတော်ဖြစ်မြောက်ရေး အဖွဲ့တာဝန်ခံ နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) (သဒ္ဓမ္မဇောတိကဓဇ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကြားတောရလမ်းဗဟန်းမြို့နယ်ရှိရောဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံးနှင့် ပုသိမ်နယ်သူ၊ နယ်သားများ ကြွရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် ရာသက်ပန်အသင်းဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်မိသားစုများ၏ သား၊ သမီးများသည် အမှတ်စာရင်းမိတ္တူတို့ကို ပုသိမ်အသင်း (ရန်ကုန်)သို့ ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်။ လှူဒါန်းလိုပါက ပုသိမ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း- ၀၉ ၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉၅၀၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း (ရန်ကုန်)ဖုန်း-၃၇၉၂၅၈နှင့် အမှုဆောင်များထံဆက်သွယ်လှူဒါန်းနိုင်သည်။(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ပုလဲမွေးမြူရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်တို့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မြိတ်မြို့ရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ မလိကျွန်း ပုလဲမွေးမြူရေးနှင့် ထုတ်လုပ်ရေးစခန်းတွင် ပုလဲသားဖောက်မှတ်ကောင်များကို ကြည့်ရှုစစ်ဆေး၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မလိကျွန်းပုလဲမွေးမြူရေးစခန်း၌ အသုံးပြုနေသော Long Line သွယ်ဆက် မွေးမြူထားခြင်းများကို ကြည့်ရှုစစ်ဆေးကာ ခန်းမဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ထရံ အခြေခံပညာမူလတန်းကျောင်းနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက်တွင် ဒုံးပုလဲအော်ရှိ မြန်မာအတ္တလန်တစ်ကုမ္ပဏီသို့ ရောက်ရှိကာ Long Line များဖြင့် မှတ်ကောင်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် ဒိုမယ်ကျွန်းရှိ မြန်မာတာဆာကီကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကိုမှာကြား၍ ပုလဲများထုတ်လုပ်ထားပုံများကို ကြည့်ရှုအားပေးပြီး မှတ်ကောင်ဝတ်ဆံသွင်းနေမှုများအပေါ် လျာထားချက်ထက် ပိုမိုမွေးမြူနိုင်ရေး၊ ပုလဲအရေအတွက်နှင့် အရည်အသွေး တိုးတက်ကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်နိုင်ရေးတို့ကို တိုက်တွန်းမှာကြားပြီး ဒိုမယ်ကျွန်းရှိ ဝန်ထမ်းအိမ်ရာများနှင့် ကျန်းမာရေးဆေးပေးခန်းတို့ကိုကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇင်ယော်ကျွန်းရှိ အရှေ့တိုင်းပုလဲကုမ္ပဏီသို့ ရောက်ရှိစစ်ဆေးပြီး အရည်အသွေးပြည့်မီသည့် ပုလဲများကို ထုတ်လုပ်နိုင်ရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တနင်္သာရီတိုင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရွှေကျွန်းပုလဲစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတ္တုတွင်း)

မိုးကုတ် ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အောက်ရုံရပ်ကွက် ဇေတဝန်ကျောင်း ဓမ္မရိပ်သာတွင် (၆)ကြိမ်မြောက် တရားစခန်းအဖြစ် (၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ၁၁ရက်)ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိဝေလာစာသင်တိုက် မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက အရှင်ဣန္ဒာသဘသိရီက ဝိပဿနာအလုပ်ပေး တရားဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်မည့် သံဃာတော်များနှင့် ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများ လှူဒါန်းလိုပါက ဇေတဝန်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇာနေယျ ဖုန်း-၇၀၇၁၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်ကြူးသည် ဇန်နဝါရီ၁၆ ရက်တွင် မုဒုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးပြီး အိမ်တွင်းမှု သင်တန်းကျောင်း၌ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ သင်တန်းသူများ စက်ချုပ်သင်ကြားမှု၊ သင်တန်းကျောင်း၌ ရေပေးဝေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မော်လမြိုင်)သို့ ရောက်ရှိပြီး တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုအခြေအနေနှင့် လမ်းခင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ၁၇ ရက်တွင် တာဝန်ရှိသူများနှင့်အတူ ကြာပန်း-ဝိယော်-ဒေါက်ရပ်-ဆင်တွင်း-ဝင်းတံလမ်း(၆၄)မိုင် လမ်းအပိုင်း၌ စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်နေမှုအခြေအနေ၊ တံတားများ ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၂ ရက်က ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက် ငွေသဇင်ရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်၏ ၂၀၀၈-၂၀၁၁ ခုနှစ်အတွက် ရွေးချယ်ခံရသောအသင်းဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အတွင်းရေးမှူး ဦးနိုင်မျိုးထွန်း ဦးဆောင်သောအမှုဆောင်အဖွဲ့ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်ပုရှေ့၌ ကတိသစ္စာခံယူစဉ်။

(မြို့နယ်သမဝါယမ)

ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၂

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် မကွေးတိုင်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းဦးနှင့်မကွေးတိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါက်တာမောင်လှိုင်တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး မကွေးခရိုင်ဦးစီးမှူး ဒေါက်တာယဉ်ယဉ်စန်းနှင့် ပခုက္ကူခရိုင်ဦးစီးမှူး ဒေါက်တာကြည်လွင်တို့က ကြက်မွေးမြူထုတ်လုပ်ရေး၊ ဇီဝလုံခြုံရေးတို့နှင့် ပတ်သက်၍ သင်တန်းပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပေါက်ကံမြို့သစ် ထေရဝါဒ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ရွှေပေါက်ကံမြို့နယ် (၁၄/၁၇) ရပ်ကွက်ကြား ညောင်ရမ်းလမ်းမကြီး၏ မွေ့သဘင်တွင် ပထမအကြိမ်အဖြစ် အမြတ်ဆုံးအသိဉာဏ်တရားအလှူကြီးကို ပေးလှူမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ ရက်(သောကြာနေ့)တွင် အရှင်သုမန(ရွှေမြို့တော်စေတီစာသင်တိုက်) ဆရာတော်၊ ၂၆ ရက်(စနေနေ့)တွင် အရှင်ဇဝန(ပဲခူး-မုံလယ်တောရ) ဆရာတော်၊ ၂၇ ရက်(တနင်္ဂနွေနေ့)တွင် အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရွှေရောင်မြင်သာသနာ့ရိပ်သာ ၁၀ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ဖောင်းတော်ချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒအား (၂၃)နှစ်မြောက် ပူဇော်ပွဲနှင့် မဟာစည် ဝိပဿနာ ၁၀ ရက်တရားစခန်းကို ဖေဖော်ဝါရီ ၈ရက်မှ ၁၇ရက်အထိ ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ရွှေရောင်မြင် သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း-၀၉၅-၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း-၀၉၅-၀၀၃၇၈၂ နှင့် ဦးဝေလွင် ဖုန်း-၀၉၅-၁၃၂၇၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကောင်းသောစိတ်၏ စေရာ

စိတ်သည် အရာရာကိုဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ကောင်းသော စိတ်အကြံဖြင့် ပြောသောစကား၊ ပြုလုပ်သောအလုပ်တို့ကြောင့် ထိုသူ၏နောက်သို့ (အရိပ်သည် အစဉ်လိုက်ဘိသကဲ့သို့) ချမ်းသာသုခသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၂)

❖ ရှေ့ဖုံးမှ

ရန်ကုန်တောင်ပိုင်းခရိုင်တွင် မြို့နယ်ပေါင်း ၁၁မြို့နယ်ပါဝင်ပြီး ရေမြေရာသီဥတုကိုလိုက်၍ စပါးပြီး ပဲတီစိမ်း(သို့မဟုတ်)စပါးပြီး စပါးတို့ကို စိုက်ပျိုးကြသည့်အနက် တွံတေး၊ ကော့မှူး၊ကွမ်းခြံကုန်းနှင့် သန်လျင်မြို့နယ်များတွင် မိုးစပါးပြီး နွေစပါးကို အများအပြား စိုက်ပျိုးကြသည်။

ရန်ကုန်တိုင်းအတွင်း သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သစ်ရွက်ဆွေး သဘာဝမြေဩဇာ(ဒိုချက်ကင်း)ပြုလုပ်ရာတွင် လိုအပ်သည့် တင်လဲရည် လီတာ ၈၁၀၀ ကို ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ မြို့နယ်အသီးသီးရှိ တောင်သူလယ်သမားများသို့ အခမဲ့ ဖြန့်ဖြူးပေးပြီး သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲစေခဲ့ကြောင်း သိရသည်။

ဒိုချက်ကင်းသဘာဝမြေဩဇာသုံးဆ၊ ဓာတ်မြေဩဇာတစ်ဆ (၃း၁) ရောစပ်သုံးစွဲခြင်းဖြင့် အာဟာရဓာတ်နည်းပါးပြီး စေးလွန်း၊ကြမ်းလွန်းသော မြေများကို ကောင်းမွန်ထက်သန်သော မြေဆီလွှာ ဖြစ်ပေါ်လာစေခြင်း၊ မြေဆီလွှာအတွင်း လေဝင်လေထွက်၊ ရေဝင်ရေထွက်ကောင်းမွန်စေပြီး သီးနှံများ ကောင်းစွာဖွံ့ဖြိုးကြီးထွားစေခြင်း စသော အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာရှင်တစ်ဦးက ရှင်းလင်းပြောကြားသည်။

ဒေသစားသုံးဆီဖူလုံရေးအတွက် ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း နေကြာစိုက်ဧက ၂၅၀၅၅ ဧက စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေးအတွက် လိုအပ်သည့် နေကြာမျိုးစေ့ တင်း ၂၅၀၀ ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုဖြင့် စိုက်ပျိုးရာသီအမီ ကြိုတင်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

၈ လက်မ အနိမ့်တင်ရေစုပ်ပန့် Axale Flow Pump ဖြင့် နွေစပါးစိုက်ခင်းများသို့ ရေတင်ပေးနေစဉ်။



ထို့အပြင် သီးနှံစိုက်စွမ်းအား တိုးတက်ရေးအတွက် လယ်သမားများ အချိန်မီ စပါးရိတ်သိမ်းခြွေလှေ့နိုင်ရန် စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) နှစ်စီးနှင့် တစ်နာရီလျှင် စပါး ၇၅ တင်း ခြွေလှေ့နိုင်သည့် စပါးခြွေလှေ့စက် (Thresher) ငါးစီးတို့ကို လည်းကောင်း၊ ရေတော်မိုးတော် သီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် နွေစပါးစိုက်ဧကများ ပိုမိုတိုးချဲ့နိုင်ရေးအတွက် မြေတူးစက်ကြီး (Back Hoe) တစ်စီးတို့ကိုလည်းကောင်း တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း ဇာမဏီအင်းမှ စီးဆင်းလာသော ရေကို အလွှမ်းဆွတ်ချောင်းအတွင်း ထိန်းသိမ်းထားပြီး လယ်မြေဧက ၄၀၀ ကို ရေပေးဝေလျက်ရှိသော အလွှမ်းဆွတ်မြစ်ရေတင်ကို တွေ့မြင်ရစဉ်။

သန်လျင်မြို့နယ်အတွင်း တည်ဆောက်ထားသည့် ဇာမဏီအင်းမှ စီးဆင်းလာသောရေကို အလွှမ်းဆွတ်ချောင်းအတွင်း ထိန်းသိမ်းထားပြီး ကွင်းအမှတ် ၆၅၉ နှင့် ၆၆၀ တွင် လျှပ်စစ်ဖြင့် ရေတင်စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြင့် လယ်မြေဧက ၄၀၀ ကို ရေပေးဝေနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးဧကကို ပိုမိုတိုးတက်စေခဲ့သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ယခုကဲ့သို့ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူဖြည့်ဆည်းပံ့ပိုးပေးခဲ့ခြင်းမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် တောင်သူလယ်သမားများအနေဖြင့် စက်ကိရိယာများနှင့်နီးစပ်ထိတွေ့မှုရှိနေရန်၊ စက်စွမ်းအား၏ အကျိုးသက်ရောက်မှုများကို သိရှိနားလည်စေရန် ရည်ရွယ်ချက်ထား၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ကြေးမုံသို့ ရှင်းလင်းပြောကြားသည်။ (ကြေးမုံ)

ထူးခြားသည့် ညအပူချိန်များ

(၂၂-၁-၂၀၀၈)

ပင်လောင်းနှင့်လွိုင်လင်	-	၁ ဒီဂရီစင်တီဂရိတ်စီ
ဟဲဟိုး	-	၂ ဒီဂရီစင်တီဂရိတ်
လားရှိုးနှင့်နမ့်စန်	-	၄ ဒီဂရီစင်တီဂရိတ်စီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" (အပိုင်း-၁၅)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒီလှိုင်းနှင့်အတူ" (အပိုင်း-၁၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူ့ရှင်တော်ရွှေဖလား
၂၀ ။ **English Usage**
၂၁ ။ ဗွီစီဒီကျော်ကြားတေးများ
၂၂ ။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃ ။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (ဒုတိယတွဲ) (အပိုင်း-၂၆)**
၂၄ ။သင့်အတွက်မနက်ဖြန်
၂၅ ။အပိတ်နှုတ်ဆက်စကား
၂၆ ။ပြီးပါပြီ။

၂၀၀၇-၂၀၀၈ ပညာသင်နှစ် လှိုင်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၉ရက်ကကျင်းပရာ အခြေခံပညာအထက်တန်းဆင့် ဘက်စုံပညာထူးချွန်ကျောင်းဆု ပထမရရှိသော အထက(၁) လှိုင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်းအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကင်ညာတွင် မငြိမ်မသက်မှုများဆက်လက်ဖြစ်ပွား၊ သုံးဦးထပ်မံသေဆုံး

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက် ဆန္ဒပြသူများအား ပစ်ခတ်လူစုခွဲနေသည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ရိုဘီ ဇန်နဝါရီ ၂၁

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ မကျေနပ်သဖြင့် ဆန္ဒပြမှုများ ဇန်နဝါရီ ၂၀ ရက်က ထပ်မံဖြစ်ပွားရာ ဆန့်ကျင်သူနှင့် ထောက်ခံသူအုပ်စု နှစ်စုအကြား ရှန်းရင်းဆန်ခတ်ဖြစ်ပွားသဖြင့် အနည်းဆုံး သုံးဦး သေဆုံးသွားသည်။

သေဆုံးသွားသည့် လူများ၏ ခန္ဓာကိုယ်ပေါ်တွင် ခုတ်ရာထစ်ရာများကို တွေ့ရသည်ဟုဆိုသည်။ အသက်ဆုံးရှုံးရသူများမှာ ဦးခေါင်းနှင့်နောက်ကျောပိုင်းတွင် ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရကြောင်း ဓာတ်ပုံသတင်းထောက် ဆယ်မြူရယ်အိုဒေါ်က ပြောကြားသည်။ ၎င်းရိုက်ထားသော ဓာတ်ပုံများကို ရဲတပ်ဖွဲ့က သိမ်းဆည်းသွားသဖြင့် သတင်းထောက်တွင် တစ်ပုံသာ ကျန်တော့သည်ဟု ဆိုသည်။

ကီကူယူအုပ်စုနှင့် လျူအုပ်စုလူငယ်များအကြား တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောကြားသည်။ ကီကူယူအုပ်စုမှာ လက်ရှိသမ္မတ ကီဘာကီကို ထောက်ခံသောအုပ်စုဖြစ်ပြီး လျူအုပ်စုမှာ ပြိုင်ဘက်ခေါင်းဆောင် ရာလာအိုဒင်ဂါကို ထောက်ခံသော အုပ်စုများဖြစ်သည်။ ဇန်နဝါရီ ၁၆ ရက်မှ စတင်ဖြစ်ပွားသော အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများတွင် သေဆုံးသူ အနည်းဆုံး ၃၁ ဦး ရှိသွားပြီဖြစ်သည်။ အများစုမှ ရဲတပ်ဖွဲ့က ပစ်ခတ်နှိမ်နင်းသောကြောင့် သေဆုံးရခြင်းဖြစ်ကာ ကျန်လူများမှာ ဆန့်ကျင်ဘက်အုပ်စုများအကြား တိုက်ခိုက်ကြသောကြောင့် သေဆုံးရခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ယူရေနီယံရောင်းချရေးမူဝါဒနှင့်ပတ်သက်၍ အိန္ဒိယနှင့် ဩစတြေးလျဆက်ဆံရေးထိခိုက်မှုမရှိ

ကင်ဘာရာ ဇန်နဝါရီ ၂၁

ဩစတြေးလျနိုင်ငံ လေဘာအစိုးရ၏ အားဖြည့်ယူရေနီယံ လောင်စာရောင်းချရေးမူဝါဒ တင်းကျပ်မှုကြောင့် အိန္ဒိယနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၏ ဆက်ဆံရေးသည် ထိခိုက်သွားဖွယ်မရှိကြောင်း ဩစတြေးလျနိုင်ငံခြားရေး ဝန်ကြီးစတီဖင်စမစ်က ပြောကြားသည်။

အိန္ဒိယနှင့် ဩစတြေးလျဆက်ဆံရေးကို ထပ်မံမြှင့်တင်လုပ်ဆောင်မှုသည် အားဖြည့်ယူရေနီယံလောင်စာရောင်းချမှုတွင် တည်မှီမှုမရှိကြောင်း ၎င်း၏ ပြောကြားချက်ကိုဩစတြေးလျအက်ဆိုစီအိပ်စ်တက်သတင်းစာက ဇန်နဝါရီ ၂၀ရက်တွင် ဖော်ပြသည်။

နျူကလီးယားမပြန့်ပွားရေး စာချုပ်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများသို့ အားဖြည့် ယူရေနီယံမရောင်းချရေးမူဝါဒကို လေဘာအစိုးရအနေဖြင့် ပြောင်းလဲမည်မဟုတ်ကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်က ဩစတြေးလျသို့ လာရောက်လည်ပတ်သည့် အိန္ဒိယ အထူးသံတမန် ရှရမ်ဆာရန်အား စမစ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ခစ်သွေးကြွ အမာခံ နယ်မြေကို ပါကစ္စတန်တပ်ဖွဲ့ တိုက်ခိုက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၁

ပါကစ္စတန်နိုင်ငံ၏ဝန်ကြီးချုပ်ဟောင်း ဘေနာဇီယာဘူတိုလုပ်ကြံခံရမှုနှင့် ဆက်နွှယ်နေသည့် တာလီဘန်တပ်မှူး၏ အမာခံနယ်မြေကို ဇန်နဝါရီ၂၀ရက်တွင် ပါကစ္စတန် တပ်ဖွဲ့က အမြောက်တပ်များ၊ ရဟတ်ယာဉ်များဖြင့် စတင်တိုက်ခိုက်ခဲ့ကြောင်း ဒေသခံရွာသားများက ပြောကြားသည်။

ဝေးလံသည့် ဝါဇီရစ္စတန်တောင်ပိုင်း လက်ဟာမြို့တစ်ဝိုက်ဝန်းကျင်ရှိ ရွာများကို ညလုံးပေါက် အမြောက်များဖြင့် ပစ်ခတ်ခဲ့သည်။ ထိုဒေသသည် အယ်လ်ခိုင်ဒါနှင့်ဆက်နွှယ်မှုရှိသည့် ဘာတူလာမီဆူဒ်၏ စစ်သွေးကြွများ စခန်းချရာဒေသဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိသျှလေကြောင်းမှ လေယာဉ်ပျက်မှု စက်ပိုင်းချွတ်ယွင်းမှုဟုဆို

လန်ဒန် ဇန်နဝါရီ ၂၁

ဗြိတိန်နိုင်ငံ ဟီးသရိုးလေဆိပ်တွင် ဇန်နဝါရီ၁၇ရက်က ဗြိတိသျှလေကြောင်းလိုင်းပိုင် ဂျမ်ဘိုဂျက်လေယာဉ် ပြေးလမ်းကြောင်းသို့ အရေးပေါ်ဆင်းရခြင်းမှာ လေယာဉ်အင်ဂျင်စက်များ လေယာဉ်ပါဝါစွမ်းအား လိုချိန်တွင် ဖြည့်ဆည်း မပေးနိုင်သောကြောင့် ဖြစ်ရသည်ဟု လေ့လာစုံစမ်းသူများက သောကြာနေ့တွင် ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် ဘိုးရင်း ၇၇၇ လေယာဉ်ကြီးသည် ပြန်လည်ပြုပြင်၍ မရလောက်အောင် ပျက်စီးခဲ့ရသည်။ လေယာဉ်ဝမ်းဗိုက်နှင့်ရှပ်၍ ဆင်းလိုက်ရသောကြောင့် ခရီးသည်နှင့် လေယာဉ်အဖွဲ့သား ၁၃ ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ တစ်ဦး၏ အခြေအနေမှာ ပြင်းထန်ကြောင်း သိရသည်။

ဘိုးရင်း ၇၇၇ လေယာဉ်များသည် ခရီးသွားလာရေးလုပ်ငန်းတွင် ၁၉၉၅ ခုနှစ်မှစ၍ အသုံးပြုခြင်းဖြစ်သည်။ ထိုအမျိုးအစား လေယာဉ်များသည် ကွန်ပျူတာစနစ်အပေါ် အများအပြားအားပြုထားသည်ဖြစ်၍ ကွန်ပျူတာဆော့ဖ်ဝဲ ချို့ယွင်းချက် ဟုတ် မဟုတ်လည်း စိစစ်ရန် လိုသည်ဟု ဆိုသည်။ လေယာဉ်အတွက် ပင့်တင်အား ပို၍ လိုအပ်နေချိန်တွင် စက်များက တုံ့ပြန်နိုင်ခြင်း မရှိသည့်အတွက် ယခုကဲ့သို့ မတော်တဆမှုဖြစ်ရကြောင်း ရှေ့ပြေးလေ့လာချက် အစီရင်ခံစာ၌ ဖော်ပြသည်။

အင်တာနက်။

အီရတ်၌ အယ်လ်ခိုင်ဒါ ခိုအောင်းသည့်ဒေသများအား အမေရိကန် ဗုံးကြဲလေယာဉ်များက တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ခိုအောင်းရာဒေသများကို ဇန်နဝါရီ ၂၀ ရက်က အမေရိကန် ဗုံးကြဲလေယာဉ်များက ဗုံးပေါင် ၃၀၀၀၀ ကြဲချခဲ့ကြောင်း အမေရိကန်လေတပ်က ပြောကြားသည်။ အဆိုပါစစ်ဆင်ရေးသည် ဆွန်နီစစ်သွေးကြွအုပ်စုများ အမြစ်ပြတ်ချေမှုန်းရေးအတွက် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ၃၅ ကီလိုမီတာအကွာရှိ ဆယ်လ်မန်ပက်ခ်ဒေသကို ဘီ-၁ ဗုံးကြဲလေယာဉ်များနှင့် အက်ဖ်/အေ-၁၈ ဂျက်တိုက်လေယာဉ်များဖြင့် တနင်္ဂနွေနေ့ညပိုင်းမှ တနင်္လာနေ့ နံနက်ပိုင်းထိ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်လေတပ်က ပြောကြားသည်။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များသည် ဇန်နဝါရီ ၈ ရက်မှစ၍ အီရတ်နိုင်ငံမြောက်ပိုင်း ပြည်နယ်လေးခုနှင့် ဘဂ္ဂဒက်မြို့တောင်ပိုင်း မြို့စွန်များရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ ၎င်းထိုးစစ်ဆင်မှု စတင်သည့်အချိန်၌ ဘဂ္ဂဒက်မြို့မြောက်ဘက် ဒီယာလာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်းခြောက်ဦးအား အနောက်ဘက်ကမ်းခြေတွင် ဖမ်းဆီး

ရာမာလာ ဇန်နဝါရီ ၂၁

အစ္စရေးတပ်ဖွဲ့ဝင်များကပါလက်စတိုင်းခြောက်ဦးကို အနောက်ဘက်ကမ်းခြေတွင် စနေနေ့ညက ဖမ်းဆီးကြောင်း ပါလက်စတိုင်းလုံခြုံရေးဌာနကတနင်္ဂနွေနေ့တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က အနောက်ဘက်ကမ်းခြေ ဂျင်နင်းဒေသ အိမ်ခြေအများအပြားသို့ ဝင်ရောက်ရှာဖွေစဉ်အတွင်း ဆယ်ကျော်သက်အရွယ် လေးဦးအား ဖမ်းဆီးခဲ့သည်ဟု ယင်းဌာနက ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့ဝင်များက အခြား လူနှစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

အဖမ်းခံရသူများသည် အစ္စရေးတပ်ဖွဲ့က အလိုရှိသူများဖြစ်ပြီး အစ္စရေးတပ်ဖွဲ့က အစ္စရေးနယ်မြေအတွင်းသို့ ကျူးကျော်လာသည့် ပါလက်စတိုင်း ၆၅၀ ကို ယခုရက်သတ္တပတ်တွင် ဖမ်းဆီးခဲ့သည်ဟု အစ္စရေးရေဒီယိုက ဖော်ပြသည်။

သမ္မတ မာမွတ်အာဘတ်စ်၏ ဖတာလှုပ်ရှားမှုကို သစ္စာခံသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟားမတ်စ်အဖွဲ့ဝင်လေးဦးကို အနောက်ဘက်ကမ်းခြေတွင် ဖမ်းဆီးခဲ့သည်ဟု ဟားမတ်စ်အဖွဲ့က ပြောကြားကြောင်းတနင်္ဂနွေနေ့က သီးခြားပေါ်ပေါက်သည့် ဖြစ်ရပ်အရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နှင့်အငြင်းပွားမှုပြဿနာ ဖြေရှင်းနိုင်မည်ဟု ရုရှားယုံကြည်

မော်စကို ဇန်နဝါရီ ၂၂

ရုရှားက ဗြိတိန်နိုင်ငံနှင့် အငြင်းပွားမှုပြဿနာနှင့် စပ်လျဉ်း၍ တရားဝင် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ထားကြောင်း၊ ယင်းပြဿနာကြောင့် ဗြိတိသျှကောင်စီ၏ အစိတ်အပိုင်းအချို့ ပိတ်ထားခဲ့ရကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဗြိတိသျှကောင်စီနှင့် ဆက်နွှယ်သည့်ပြဿနာအပေါ် တရားဝင်ဖြေရှင်းရေးအတွက် ရုရှားက မျှော်လင့်ထားသည်ဟု အီတာ-တပ်စ်သတင်းဌာနက လက်ဗရော့ကို ကိုးကား၍ ဖော်ပြသည်။

ဗြိတိသျှကောင်စီသည် ရုရှားနိုင်ငံတွင် တရားဝင်အရ မရှိကြောင်း၊ မိမိတို့ တရားဝင်ပြောကြားကြောင်း စသည်ဖြင့် လက်ဗရော့က ထုတ်ဖော်ပြောကြားသည်။

ရုရှားအစိုးရက ရီကာတာရင်ဘတ်နှင့် စိန့်ပီတာစဘတ်မြို့များရှိ ဗြိတိသျှကောင်စီ ဒေသဆိုင်ရာရုံးနှစ်ခုသည် တရားဝင် ဖွင့်လှစ်ထားခြင်းမရှိမှုနှင့် အခွန်အကောက်ဆိုင်ရာ ပြဿနာများကြောင့်ဟုဆိုကာ ပိတ်ထားရန် ဒီဇင်ဘာလအတွင်းက အမိန့်ထုတ်ပြန်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ အဆိုပါဗြိတိသျှကောင်စီရုံးများသည် တနင်္လာနေ့တွင် ပြန်ဖွင့်ခဲ့သည်။ ရုရှားက ယင်းလုပ်ရပ်ကို တမင်သက်သက် လှုံ့ဆော်ရန်ဟု ယူဆပြီး ယင်းကိစ္စနှင့် ပတ်သက်၍ သင့်လျော်သည့် စီစဉ်ဆောင်ရွက်မှုများလုပ်မည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံမော်စကိုမြို့ ရင်ပြင်နီတွင် ရေခဲပြင် စကိတ်စီးနေသူများကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကနေဒါတွင် ရထားနှင့်မော်တော်ယာဉ်တိုက်မိ ကလေးနှစ်ဦးသေဆုံး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

အော့တဝါ ဇန်နဝါရီ ၂၁

ကနေဒါနိုင်ငံအရှေ့ပိုင်း ကွီဘက်ပြည်နယ်တွင် စနေနေ့၌ မီးရထားတစ်စင်းနှင့် မော်တော်ကားတစ်စီးတို့ တိုက်မိသဖြင့် ကလေးနှစ်ဦးသေဆုံးပြီး မိခင်ဖြစ်သူမှာ အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း သတင်းများအရ သိရှိရသည်။

ယင်းဖြစ်ရပ်သည် ကွိဘက်အရှေ့မြောက်ပိုင်း ကီလိုမီတာ ၂၀၀ခန့် အကွာရှိ စီနာ-အာဆင်ကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသည့် ကလေးငယ်နှစ်ဦးသည်အသက်ခုနစ်နှင့်ရှစ်နှစ်ရှိသူများဖြစ်ကြသည်ဟု ကွိဘက်ပြည်နယ်ရဲဌာနမှပြောရေးဆိုခွင့်ရှိသူတပ်ကြပ်ကြီးမယ်လာနီပေါက ပြောကြားသည်။

ကယ်ဆယ်ရေးဝန်ထမ်းများ ရောက်မလာမီဒဏ်ရာရသူ မိခင်သည် တစ်နာရီခန့် မော်တော်ယာဉ်အတွင်း ပိတ်မိနေခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ နိုင်ငံတကာ နောက်ဆုံးသတင်းများ

တောင်ကာရိုလိုင်းနားသမ္မတလောင်း စကားစစ်ထိုးပွဲ ကလင်တန်နှင့် အိုဘားမား အကြီးအကျယ်အငြင်းပွား

မတ်တလီဘီချ်(တောင်ကာရိုလိုင်းနား) ဇန်နဝါရီ ၂၂

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများဖြစ်သည့် ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် ကာရိုလိုင်းနားတောင်ပိုင်း၌ ပြုလုပ်သည့် စကားစစ်ထိုးပွဲတွင် အကြီးအကျယ်အငြင်းပွားခဲ့ကြသည်။

ဇန်နဝါရီ ၂၁ရက်က ပြုလုပ်သည့် စကားစစ်ထိုးပွဲတွင် ၎င်းတို့နှစ်ဦးသည် အီရတ်စစ်ပွဲကိစ္စ၊ အစိုးရ အသုံးစရိတ်နှင့်ပတ်သက်သော ကိစ္စများတွင် အကြီးအကျယ် အခြေအတင်ဖြစ်ခဲ့ကြသည်။ အခြားသမ္မတလောင်းပြိုင်ဘက် တစ်ဦးဖြစ်သော ဂျွန်အက်ဒွပ်က ကလင်တန်နှင့် အိုဘားမားတို့၏ အငြင်းပွားမှုကိစ္စကို ဝေဖန်ပြောကြားသည်အထိဖြစ်ခဲ့ရသည်။

ဒီမိုကရက်တစ်ပါတီအတွင်း၌ပြုလုပ်သည့် သမ္မတလောင်းရွေးချယ်ပွဲ အရှိန်ရလာချိန်တွင် ကလင်တန်သည် အိုဘားမားပြောကြားသည့် ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ ဝေဖန်ခဲ့သည်။ အိုဘားမားအား ငွေကြေးသုံးစွဲမှုအပိုင်းတွင် ပြုပြင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို မြှင့်တင်သွားမည်ဟု ပြောကြားခဲ့သည်။

ဤကိစ္စနှင့်ပတ်သက်၍ ကလင်တန်၏ ဝေဖန်ချက်သည် မှန်ကန်မှုမရှိဟု အိုဘားမားကပြောကြားသည်။တစ်ဖက်နှင့်တစ်ဖက်ဝေဖန်ကြရာတွင် ဟီလာရီကလင်တန်ဘက်မှ ၎င်း၏ခင်ပွန်းက ရွေးကောက်ပွဲကိစ္စများတွင် ဇနီးသည်ဘက်မှကြားဝင်၍ ပြောကြားပေးလေ့ရှိသည်။

ထိုကိစ္စကို ရည်ညွှန်း၍ အိုဘားမားက "တစ်ခါတစ်ရံ ကျွန်ုပ်သည် ဇနီး ကလင်တန်နှင့် ယှဉ်ပြိုင်နေရသည်လား၊ ခင်ပွန်းသည် ကလင်တန်နှင့် ယှဉ်ပြိုင်နေရသည်လားဟု ခွဲခြား၍ မရအောင်ဖြစ်ရကြောင်း" ပြောကြားသည်။

အိုဘားမား၏ ပြောကြားချက်နှင့် ပတ်သက်၍ ကလင်တန်က ချေပရာ၌ ယှဉ်ပြိုင်နေရသူမှာ မိမိသာဖြစ်ကြောင်း၊ ခင်ပွန်းသည်ကလင်တန် မပါကြောင်း သူမက တုံ့ပြန်ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် သမ္မတဘုရုံး၏ ရာထူးကို ဆက်ခံနိုင်ရန်အတွက် သမ္မတလောင်းရွေးကောက်ပွဲကို နိုဝင်ဘာလတွင် ကျင်းပရန်ရှိသည်။ ထိုရွေးကောက်ပွဲတွင် ယှဉ်ပြိုင်နိုင်ရန်အတွက် အကြိုသမ္မတလောင်းများအဖြစ် ဒီမိုကရက်တစ်ပါတီအတွင်း၌ အိုဘားမား၊ ကလင်တန်နှင့် အက်ဒွပ်တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အိုဘားမားသည် အိုင်အိုးဝါးတွင် ပြုလုပ်သည့် အကြိုရွေးပွဲတွင် အနိုင်ရရှိခဲ့သည်။ ကလင်တန်မှာ ဟမ်ရှိုင်းရားနှင့် နီဗားဒါးတို့တွင်ကျင်းပသော အကြိုရွေးချယ်ပွဲများ၌ အနိုင်ရရှိထားသည်။ ပြီးခဲ့သော အကြိုရွေးချယ်ပွဲနှစ်ခုတွင် အက်ဒွပ်သည် ကလင်တန်နှင့် အိုဘားမားတို့၏အောက် တတိယနေရာသာ ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ပထမအကြိမ် ဆာဘီးယားသမ္မတရွေးကောက်ပွဲ ထောက်ခံမဲ ၅၀ရာခိုင်နှုန်း မည်သူမျှမပြည့်မီ

ဘဲလ်ဂရိတ် ဇန်နဝါရီ ၂၁

ဆာဘီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနောက်အုပ်စုလိုလားသည့် လက်ရှိသမ္မတ ဘောရစ်တာဒစ်အား ပြိုင်ဘက်သဘောထားတင်းမာသည့် အမျိုးသားရေးဝါဒီ နီကိုလစ်က အနိုင်ရရှိသည်။

သို့သော် ဘောရစ်တာဒစ်က ၃၅ရာခိုင်နှုန်းထောက်ခံမဲရပြီး နီကိုလစ်က ထောက်ခံမဲ ၃၉ရာခိုင်နှုန်းရရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်သည့်အတွက် နှစ်ဦးစလုံး ထောက်ခံမဲ ၅၀ရာခိုင်နှုန်း မရရှိကြပေ။

ပထမအကြိမ် သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၀ရာခိုင်နှုန်းကျော်ရရှိသူသာလျှင် သမ္မတအဖြစ် တစ်ကြိမ်တည်းနှင့် ရွေးချယ်တင်မြှောက်ခံရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

ထို့ကြောင့် မစ္စတာဘောရစ်နှင့် မစ္စတာနီကိုလစ်တို့သည် ဖေဖော်ဝါရီ ၃ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။ ***အင်တာနက်***

တောင်ကာရိုလိုင်းနား ဒီမိုကရက်တစ်သမ္မတလောင်းရွေးချယ်ပွဲအတွက် စကားစစ်ထိုးပွဲတွင် ဟီလာရီကလင်တန်နှင့် ဘာရက်အိုဘားမားတို့ အချေအတင် ငြင်းခုန်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်သမ္မတ၏ လေးနိုင်ငံခရီး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၂

ဥရောပလေးနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်၏ ရည်ရွယ်ချက်မှာ ပါကစ္စတန်နိုင်ငံ၏ အခြေအနေမှန်သိရှိစေရန်နှင့် နိုင်ငံအတွင်းနှင့် ဒေသတွင်း ဖြစ်ပျက်ပြောင်းလဲမှုများအပေါ် အယူအဆမှားများကိုချေဖျက်ရန်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဆွစ်ဇာလန်နှင့် ယူနိုက်တက်ကင်းဒမ်း လေးနိုင်ငံသို့ ရှစ်ရက်ကြာခရီးမသွားမီ မူရှာရက်ဖ်က သတင်းဌာနများသို့ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲ၊ ၂၁ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံဒီယားလားပြည်နယ်တွင် ဗုံးခွဲသူတစ်ဦးက အထက်တန်းကျောင်းအနီးတွင် ဇန်နဝါရီ ၂၂ ရက်က ဗုံးခွဲသဖြင့် ၂၁ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြည်နယ်၏ မြို့တော် ဘာကူဘာမြို့တွင် နံနက် ၈ နာရီခွဲက ဖြစ်ပွားသော အဆိုပါ ပေါက်ကွဲမှုကြောင့် ကျောင်းသားများ၊ဆရာ၊ ဆရာမများနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းက ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် ကျောင်းသည် စည်ပင်သာယာရေးအဆောက်အအုံနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး အနီးတွင် တည်ရှိသည်။ အခင်းဖြစ်ပွားရာ ဒီယာလာမြို့သည် ဘဂ္ဂဒက်မြို့ အရှေ့မြောက် ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသည်။

အင်တာနက်။

ဘဂ္ဂဒက်မြောက်ပိုင်းတွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့သည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် တစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ရာ ဆေးကုသမှုခံရန် ဘာကူဘာရှိ ဆေးရုံတွင် စောင့်ဆိုင်းနေသော ကျောင်းဆရာမ တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ၂၀၀၇ခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းတိုးလာ

ဂျကာတာ ဇန်နဝါရီ ၂၂

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၇ခုနှစ်၌ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေသည် သုံးသန်းကျော်ရှိကြောင်း ထုတ်ပြန်သည်။ ၂၀၀၆ခုနှစ်ကမူ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေသည် ၁ဒသမ ၈သန်းသာရှိသည်ဆိုသောအစိုးရ၏ထုတ်ပြန်ချက်ကို ဒေသဆိုင်ရာသတင်းစာက ဇန်နဝါရီ ၂၁ရက်တွင် ဖော်ပြသည်။

အင်ဒိုနီးရှားကျန်းမာရေးဌာန၏ အေဂျင်စီများသည် ဝေးလံသောအခေါင်အဖျားဒေသများအထိရောက်ရှိခဲ့ကြသည်ဖြစ်၍ နိုင်ငံ့အရှေ့ဖျား ပါပူးဝါးဒေသတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အခြေအနေအဆိုးရွားဆုံးဖြစ်သည်ကို တွေ့ရကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားသည်။

ငှက်ဖျားရောဂါကူးစက်နိုင်မည့်အခြေအနေရှိသည့်ဒေသသစ်များမှာ အထူးသဖြင့် အပူပိုင်းသစ်တောဒေသများဖြစ်ကြောင်းတွေ့ရသည်ဟု ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ရေမ ဝေလငါး

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ငါးလုပ်ငန်းဆိပ်ကမ်းတွင် ရေမ ဝေလငါးကြီး တစ်ကောင်အား ကရိန်းကားဖြင့် မတင်နေသည်ကို ဇန်နဝါရီ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အင်န်အိပ်ချ်ကေဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်

တိုကျို ဇန်နဝါရီ ၂၂

ဂျပန်နိုင်ငံမှ အင်န်အိပ်ချ်ကေ သတင်းဌာနတွင် လုပ်ငန်းခွင်အတွင်း အရှုပ်တော်ပုံ ပေါ်ပေါက်လာသည့်အတွက် ဥက္ကဋ္ဌဖြစ်သူ ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

အင်န်အိပ်ချ်ကေသတင်းဌာနဥက္ကဋ္ဌ ဂျီနီချီတာရှိမိုတိုသည် ၎င်း၏ နုတ်ထွက်စာကို တင်ထားပြီးဖြစ်သည်။

အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင်လစ်ဟာမှုကြောင့် လုပ်ငန်းအပေါ် ပရိသတ်၏ ယုံကြည်ကိုးစားမှုကို ထိခိုက်ခဲ့ရသည်ဟု ၎င်းက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အစ္စရေးတောင်ပိုင်းသို့ ဟားမတ်စ်တို့ ဒုံးကျည် ၂၀၀ကျော် ပစ်ခတ်

ဂါဇာ ဇန်နဝါရီ ၂၂

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့က ပြုလုပ်လျက်ရှိသော ထိုးစစ်ကိုတုံ့ပြန်သောအားဖြင့် ဟားမတ်စ်လက်နက်ကိုင်အဖွဲ့များသည် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ခြောက်ရက်အတွင်း ဒုံးကျည်ပေါင်း ၂၀၀ ကျော်ဖြင့် ပစ်ခတ်ခဲ့သည်။

ဟားမတ်စ်တို့၏ ပစ်ခတ်မှုကို တနင်္ဂနွေနေ့ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်သော ဒုံးကျည်များအနက် ကာဇမ်ဒုံးကျည်အစင်းပေါင်း ၁၆၀ ပါဝင်သည်။ ထို့ပြင် စိန်ပြောင်းဖြင့်လည်း အချက် ၁၀၀ ကျော် ပစ်ခတ်ခဲ့သည်ဟု အဇ်အယ်လ်ဒင်းအယ်လ်ကာဇမ်ဟားမတ်စ် လက်နက်ကိုင်အဖွဲ့က ပြောကြားသည်။

အစ္စရေးထိုးစစ်စသည့်အချိန်မှ ယနေ့ထိကာလအတွင်း ဟားမတ်စ်တို့ပစ်ခတ်ခဲ့သော ဒုံးကျည်အရေအတွက်မှာ ၆၆ စင်းရှိသည်။ ထိုဒုံးကျည်များကို ဂါဇာအရှေ့မြောက်ပိုင်းရှိ အစ္စရေးလူနေစခန်းများနှင့် စစ်စခန်းများဆီသို့ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သိမ်းပိုက်ရေးတပ်ဖွဲ့များကို မိမိတို့ ဟားမတ်စ်များအနေဖြင့် ဆက်လက်၍ ဖိအားပေးသွားမည်ဖြစ်ကြောင်း ဟားမတ်စ်တို့က ပြောကြားသည်။

အင်္ဂါနေ့က စတင်ခဲ့သော အစ္စရေးတို့၏ ထိုးစစ်အတွင်း အရပ်သား ၁၁ ဦး အပါအဝင် ပါလက်စတိုင်းအမျိုးသား ၃၇ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သက်ရှိထင်ရှား အရပ်အရှည်ဆုံးလူသား

ကမ္ဘာပေါ်ရှိ သက်ရှိထင်ရှား အရပ်အရှည်ဆုံးလူသားများအနက် ဂင်းနစ်စာအုပ်၌ တရားဝင် မှတ်တမ်းတင်ဖော်ပြခြင်းခံရသူမှာ ယူကရိန်းနိုင်ငံမှ လီကိုနစ်စတက်နစ်ဖြစ်သည်။ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် စစ်ဆေးတိုင်းတာပြီးနောက် လီကိုနစ်၏ တရားဝင် အရပ်အတိုင်း အတာကို ၂ ဒသမ ၅၇မီတာ (၈ပေ၊ ၅ဒသမ ၅လက်မ) ဟူ၍အသိ အမှတ်ပြုကာ ဂင်းနစ်မှတ်တမ်းစာအုပ်၌ ဖော်ပြခဲ့သည်။ ၎င်း၏ ဦးနှောက်အတွင်းရှိ ပစ်ကျူထရီဂလင်းမှ ဟော်မုန်းထုတ်လုပ်မှု လွန်ကဲခြင်းကြောင့် ယင်းသို့ဖြစ်ရကြောင်း ဖော်ပြသည်။ ပုံတွင် ကမ္ဘာ့အရပ်အရှည်ဆုံးလူသား လီကိုနစ်အား ၎င်း၏ မိခင်နှင့်အတူ တွေ့ရပုံဖြစ်သည်။ **(အပေါ်ဝဲပုံ)**

အသက်အငယ်ဆုံး နှလုံးခွဲစိတ်ကုသမှုခံရသူ

၂၀၀၁ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားသည့် ဂျက်အမည်ရှိ ၂၃ပတ်သား ကလေးငယ်သည် မွေးရာပါ နှလုံးရောဂါကြောင့် မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့ ကလေးဆေးရုံ၌ ၁၀ဦးပါ နှလုံးခွဲစိတ်ကုဆရာဝန်အဖွဲ့က ခွဲစိတ်ကုသပေးခဲ့ရာ အသက် အငယ်ဆုံးနှလုံးခွဲစိတ်ကုသမှု ခံယူသူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်သွားခဲ့သည်။

ထူးထူးခြားခြား မှတ်တမ်းဝင် ဖြစ်ရပ်များ



ဦးခေါင်းအတွင်း ကျည်ဆန်ဝင်ပြီး နှစ် ၈၀ကြာနေနိုင်သူ

အမေရိကန် နိုင်ငံသား ဝီလျံလောလစ်ပေ့စ်ဆိုသူသည် အသက် ၈နှစ်အရွယ် ၁၉၁၇ခုနှစ် အောက်တိုဘာလက မတော်တဆ သေနတ်ထိမှန်ခံရပြီး ဦးခေါင်းအတွင်း ကျည်ဆန် ကျန်ရစ်ခဲ့ရာ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၎င်း၏ အသက် ၈၉နှစ်အရွယ်တွင် အဆိုပါကျည်ဆန်မှာ ဦးခေါင်း နောက်ဘက်၌ ဆက်လက်ကျန်ရှိနေသေးကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဝီလျံကို ဦးခေါင်းအတွင်း ကျည်ဆန်ဝင်လျက် အသက်ရှည်ရှည်နေနိုင်သူ ပုဂ္ဂိုလ်အဖြစ် ကမ္ဘာ့မှတ်တမ်းဝင်သွားခဲ့သည်။ **(အပေါ်ပုံ)**

မျက်စိနှင့်ဦးခွံအတွင်းသို့ လွန်သွားထိုးဖောက်သော်လည်း မသေသူ

၂၀၀၃ခုနှစ် ဩဂုတ် ၁၅ရက်က အမေရိကန်နိုင်ငံမှ ဆောက်လုပ်ရေးလုပ်သား ရွန်ဟန့်**(အပေါ်ပုံ)**သည် လှေကားပေါ်မှချော်ကျပြီး အောက်၌ လည်နေသော လွန်သွားပေါ်သို့မျက်နှာဖြင့်ကျရာမှ လွန်သွားကမျက်စိကိုဖောက်၊ ဦးခွံကိုဖြတ်ကာ ထုတ်ချင်းပေါက်စိုက်သွားခဲ့သည်။ လည်နေသောလွန်သွား၏ အရှည်မှာ ၁၈လက်မရှိသည်။ ဆရာဝန်များ၏ အထူးကြပ်မတ်ကုသပေးမှုကြောင့် ရွန်ဟန့်မှာ သေကံမရောက်သက်မပျောက်ခဲ့ပေ။

နိုင်ငံတကာရေးရာ သုံးသပ်ချက် ဆောင်းပါး

ဟင်ဒီ–ချီနီ ဘိုင်ဘိုင်

အိန္ဒိယဝန်ကြီးချုပ်၏ တရုတ်နိုင်ငံ ခရီးစဉ်

ဇန်နဝါရီလ တတိယပတ်ထဲမှာ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းဟာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံကို ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ဒါဟာ ၂၀၀၆ခုနှစ်က တရုတ်သမ္မတ ဟူကျင်တောင် အိန္ဒိယနိုင်ငံကို လာရောက်ခဲ့တဲ့ နောက်ပိုင်း အိန္ဒိယဘက်က အစိုးရအဖွဲ့အကြီးအကဲရဲ့ ပထမဆုံး အပြန်အလှန်လည်ပတ်မှု ခရီးစဉ်ပဲဖြစ်ပါတယ်။ ဒီခရီးစဉ် မတိုင်ခင်ကတော့ အိန္ဒိယနိုင်ငံရဲ့ အာဏာရ ကွန်ဂရက်(အိုင်) ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီဟာ တရုတ်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါသေးတယ်။

အခုလို တရုတ်နဲ့ အိန္ဒိယနိုင်ငံအကြား ခေါင်းဆောင်တွေ အပြန်အလှန်လည်ပတ်မှု ခရီးစဉ်တွေ စိပ်လာတာ အာရှဒေသတွင်း နိုင်ငံရေးအတွက်ရော နိုင်ငံတကာ မဟာဗျူဟာ အခင်းအကျင်း အတွက်ပါ အရေးကြီးတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

လှိုင်အောင်



၁၉၅၀ ပြည့်လွန် စစ်အေးကာလမှာ ရန်ဘက်သဖွယ် ဖြစ်လာခဲ့ကြပြီး ၁၉၆၂ခုနှစ်မှာ နယ်စပ်စစ်ပွဲ ဖြစ်ပွားခဲ့တဲ့အထိ ဆက်ဆံရေးတင်းမာခဲ့ကြတဲ့ တရုတ်နဲ့ အိန္ဒိယ နှစ်နိုင်ငံဟာ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာတော့ စစ်အေးကာလ ပြီးဆုံးသွားမှုနဲ့အတူ နှစ်နိုင်ငံ ဆက်ဆံရေးတွေလည်း ပုံမှန်ပြန်ဖြစ်လာခဲ့ပါတယ်။

စစ်အေးလွန်ကာလမှာ စီးပွားရေး အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့တဲ့ ဒီနှစ်နိုင်ငံဟာ ဒေသတွင်းမှာ မဟာဗျူဟာ ပြိုင်ဘက်နိုင်ငံတွေအဖြစ် ဦးတည်သွားမလား၊ မိတ်ဖက်သဟာယနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်ကြမယ့် လမ်းကြောင်းကိုပဲ ရွေးချယ်မလားဆိုတာ နိုင်ငံတကာကလေ့လာသူတွေစိတ်ဝင်တစား စောင့်ကြည့်နေကြတဲ့ အချက်ပဲဖြစ်ပါတယ်။

ဒီခရီးစဉ်မှာ နှစ်နာရီနီးပါးကြာမြင့်ခဲ့တဲ့ နှစ်ဖက်ဝန်ကြီးချုပ်တွေရဲ့ တွေ့ဆုံဆွေးနွေးမှုအပြီးမှာ "ကျွန်တော်တို့ နှစ်နိုင်ငံဟာ ပူးပေါင်းဆောင်ရွက်ကြမယ့် မိတ်ဖက်သဟာယနိုင်ငံတွေပါ။ ပြိုင်ဘက်နိုင်ငံတွေမဟုတ်ကြပါဘူး"ဆိုတဲ့ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်ရဲ့ စကားဟာ ဒီကိစ္စအတွက် ထင်ရှားခိုင်မာတဲ့ အဖြေတစ်ခုကို ပေးလိုက်တာပဲ ဖြစ်ပါတယ်။

နှစ်နိုင်ငံ ဆွေးနွေးပွဲ ရလဒ်အဖြစ် စာမျက်နှာ ရှစ်မျက်နှာပါ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သလို၊ စီးပွားရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစတဲ့ကဏ္ဍတွေမှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မယ့် သဘောတူညီချက် ၁၀ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

စီးပွားရေးနဲ့ပတ်သက်လို့ နှစ်နိုင်ငံ ကုန်သွယ်ရေးကို ၂၀၁၀ပြည့်နှစ်မှာ ဒေါ်လာဘီလီယံ ၄၀အထိ ပမာဏရှိဖို့မူလမျှော်မှန်းထားရာကနေ ဒေါ်လာဘီလီယံ ၆၀အထိရောက်ရှိစေဖို့ ပြင်ဆင်သတ်မှတ်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၇ခုနှစ်မှာကိုပဲ နှစ်နိုင်ငံ ကုန်သွယ်မှုဟာ ဒေါ်လာ ၃၇ဘီလီယံဖိုး ရှိနေပြီး ၂၀၀၈ခုနှစ်မှာ မူလသတ်မှတ်တဲ့ ဒေါ်လာဘီလီယံ ၄၀ကို ကျော်လွန်သွားတော့မှာမို့လို့ ဖြစ်ပါတယ်။ တရုတ်–အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေးဟာ ဒီနှစ်ပိုင်းတွေမှာ ထူးထူးခြားခြား၊ တစ်ဟုန်ထိုး မြင့်တက်လာခဲ့တာမို့ ပြီးခဲ့တဲ့နှစ်နှစ်ကထက် နှစ်ဆတိုးတက်ခဲ့ပြီး လွန်ခဲ့တဲ့ ငါးနှစ်ကထက်စာရင် ၃၃ဆ တိုးတက်လာခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုအလျင်အမြန် တိုးတက်လာခဲ့တဲ့ အဓိကအကြောင်းတစ်ရပ်ကတော့ နှစ်နိုင်ငံအကြား တစ်ချိန်က စစ်လမ်းကြောင်းဖြစ်ခဲ့တဲ့ ဟိမဝန္တာ ကုန်းမြင့်ပေါ်က နာတူလာတောင်ကြားလမ်းကို ၂၀၀၆ခုနှစ်မှာ နယ်စပ်ကုန်သွယ်ရေးလမ်းပေါက်အဖြစ် နှစ်နိုင်ငံ သဘောတူ ဖွင့်လှစ်နိုင်ခဲ့လို့ပါပဲ။ ဒါ့အပြင် တရုတ်ဘက်က ပေနှစ်သောင်းကျော်မြင့်တဲ့ တိဘက်ကုန်းပြင်မြင့်အထိ ရထားလမ်းကို ခက်ခက်ခဲခဲနဲ့ အောင်မြင်အောင် ဖောက်လုပ်နိုင်ခဲ့ပြီး ၂၀၀၇ခုနှစ်မှာ စတင်ပြေးဆွဲနိုင်ခဲ့တဲ့အတွက်လည်း တရုတ်ကုန်ပစ္စည်းတွေ အိန္ဒိယဘက်ဆီကို အလုံးအရင်းနဲ့ ပို့ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အာရှအမြန် လမ်းမကြီးတွေ ကွန်ရက်သွယ်သလို ဖောက်လုပ်ပြီးသွားတဲ့အခါကျရင် ဒီထက်မက အများကြီးပိုပြီး တိုးလာဖို့ရှိပါလိမ့်မယ်။ ကုန်သွယ်ရေးအပြင် စီးပွားရေးကဏ္ဍမှာ တရုတ်နဲ့အိန္ဒိယပူးပေါင်း ဆောင်ရွက်နေကြတာတွေ အများကြီးရှိပါသေးတယ်။ အိမ်ရာစီမံကိန်း၊ မီးရထားလမ်းဖောက်လုပ်ရေး၊ ရေနံနဲ့ စွမ်းအင်လောင်စာကဏ္ဍ စသည်ဖြင့် ဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာပိုင်းမှာလည်း အီလက်ထရွန်းနစ် စက်ပစ္စည်း အမာထည်ပိုင်းမှာ အားသာတဲ့ တရုတ်နဲ့ ကွန်ပျူတာ ပရိုဂရမ်အပျော့ထည်ပိုင်းမှာ အောင်မြင်နေတဲ့ အိန္ဒိယတို့အကြား ပူးတွဲရင်းနှီး မြှုပ်နှံလုပ်ကိုင်လာနေကြပြီဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေး ခေတ်ကြီးမှာ စီးပွားရေးဖွံ့ဖြိုးမှုကို အဓိကဦးတည်နေကြတဲ့ ဒီနှစ်နိုင်ငံဟာ ပူးပေါင်းဆောင်ရွက်လို့ရတဲ့ စီးပွားရေး အကျိုးဖြစ်ထွန်းမှုတွေက ကျန်တဲ့ဆက်ဆံရေးကဏ္ဍတွေကို ဦးဆောင်တွန်းတင်သွားခဲ့ပါတယ်။ နှစ်နိုင်ငံနယ်စပ် နယ်နိမိတ်ပြဿနာတွေဟာ ဖြေရှင်းလို့မပြီးသေးဘူးဆိုပေမယ့် ဟိုတုန်းကလို တစ်ဖက်နဲ့တစ်ဖက် လက်နက်တွေအသင့်နဲ့ တပ်ချထားပြီး အမြဲစောင့်ကြည့်နေတဲ့ အနေအထားမဟုတ်တော့ပါဘူး။ နှစ်ဖက်အထူးကိုယ်စားလှယ်တွေ ပုံမှန်တွေ့ဆုံဆွေးနွေးနေတဲ့ အဆင့်ကိုရောက်နေပြီး နယ်စပ်ပြဿနာတွေက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မထိခိုက်စေရဘူးလို့ အခုဆွေးနွေးပွဲမှာ နှစ်ဖက်သဘောတူခဲ့ကြပါတယ်။

ဒါ့အပြင် ကာကွယ်ရေးအပိုင်းမှာလည်း နှစ်နိုင်ငံတပ်မတော်တွေအကြား ပထမဆုံးစစ်ရေးပူးတွဲလေ့ကျင့်မှုကို ပြီးခဲ့တဲ့ ဒီဇင်ဘာလက တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ပြုလုပ်ခဲ့ပြီး ဒီနှစ်အတွင်းမှာတော့ အိန္ဒိယဘက်မှာပြုလုပ်သွားဖို့ရှိပါတယ်။ ကာကွယ်ရေးဆိုင်ရာ နှစ်ဖက်ဆွေးနွေးပွဲကိုလည်း နှစ်စဉ်ပုံမှန်ကျင်းပသွားဖို့ရှိပါတယ်။ နှစ်ဖက်တပ်မတော်တွေအကြားမှာ အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းတွေကို တိုးမြှင့်လုပ်ဆောင်သွားမယ်ဆိုတဲ့ ပူးတွဲကြေညာချက်အတိုင်း လက်တွေ့လုပ်ဆောင်နေကြတာဖြစ်ပါတယ်။

နှစ်နိုင်ငံ ညှိနှိုင်းရမယ့် ကိစ္စတွေကို ခေါင်းဆောင်တွေ အပြန်အလှန်လည်ပတ်တဲ့ ခရီးစဉ်တွေမှာ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးခဲ့ကြတာတွေ့ရပါတယ်။ အရင်တုန်းက ဆယ်နှစ်တစ်ခါတောင် မရောက်ဖြစ်ခဲ့ကြတဲ့ ခေါင်းဆောင်တွေရဲ့ ခရီးစဉ်တွေဟာ အခုဆို နှစ်နိုင်ငံ အိမ်ဦးနဲ့ကြမ်းပြင်လိုဖြစ်လာခဲ့တာကြောင့် ခေါင်းဆောင်ချင်း ထိတွေ့ ခင်မင်မှုများလေလေ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလေလေဖြစ်လာလိမ့်မယ်လို့ မှန်းဆရပါတယ်။

အခုလို တရုတ်–အိန္ဒိယ ချစ်ကြည်ရင်းနှီးမှု တိုးတက်လာတဲ့ အခြေအနေဟာ ၁၉၅၀ပြည့်လွန် အစပိုင်းတုန်းက နေရူးနဲ့ ချူအင်လိုင်းတို့ခေတ်မှာ အပြန်အလှန် လည်ပတ်ချစ်ခင်ခဲ့ကြပြီး ဘက်မလိုက်လှုပ်ရှားမှုကို ပူးတွဲဦးဆောင်ခဲ့ကြလို့ **"အိန္ဒိယ–တရုတ် ညီရင်းအစ်ကို" (ဟင်ဒီ–ချီနီ ဘိုင်ဘိုင်)**လို့ အိန္ဒိယသတင်းစာတွေက ထောမနာပြုခဲ့ကြတဲ့အချိန်ကို ပြန်ပြောင်း သတိရစေပါတယ်။

☆ ☆ ☆

သတင်းအချက်အလက် နည်းပညာပိုင်းမှာလည်း အီလက်ထရွန်းနစ် စက်ပစ္စည်း အမာထည်ပိုင်းမှာ အားသာတဲ့ တရုတ်နဲ့ ကွန်ပျူတာ ပရိုဂရမ်အပျော့ထည်ပိုင်းမှာ အောင်မြင်နေတဲ့ အိန္ဒိယတို့အကြား ပူးတွဲရင်းနှီးမြှုပ်နှံလုပ်ကိုင်လာနေကြပြီ ဖြစ်ပါတယ်။

ကင်ဆာကြောင့် သေနှုန်းအမြင့်ဆုံးနိုင်ငံ

ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်း အမြင့်မားဆုံးနိုင်ငံမှာ နယ်သာလန် (ဟော်လန်)နိုင်ငံဖြစ်ကြောင်း သိရသည်။ ၂၀၀၄ခုနှစ် ကျန်းမာရေး မှတ်တမ်းများအရ လူဦးရေတစ်သိန်းလျှင် ကင်ဆာရောဂါကြောင့် သေဆုံးသူ အရေအတွက်မှာ ၄၃၃ဦးဖြစ်ကြောင်း သိရသည်။

မင်္ဂလာ တောင်ညွန့် မြို့နယ် ကျောင်းပေါင်းစုံ ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က အထက(၁)ကျောင်းခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်အဆင့်အင်္ဂလိပ်စာ ထူးချွန်ဆုရ အမက(၃) မူလတန်းလွန်ကျောင်းမှ စတုတ္ထတန်းကျောင်းသူ မအိမ့်ကြေးမုံမင်းအား အထက(၄) ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးသန်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(၃၂)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အုတ်ဖိုမြို့နယ်နှင့် အိုးသည်ကုန်းမြို့နယ်တို့၌ ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာနှင့်ဓာတ်အားခွဲရုံ ဖွင့်လှစ်ပွဲများသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပဲခူးတိုင်း(အနောက်ပိုင်း) တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့နှင့်အတူ ပဲခူးတိုင်း အိုးသည်ကုန်းမြို့နယ် ဂုန်ညင်းတန်းကျေးရွာအုပ်စု၌ 33/11 KV (1250)KVA ဓာတ်အားခွဲရုံတည်ဆောက်မည့် မြေနေရာရွေးချယ်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် လုပ်ငန်းရှင် ရပ်မိရပ်ဖ သရက်ပင်ဆိပ်ကျေးရွာနှင့် ကြက်ဆူတောကျေးရွာ ရပ်မိရပ်ဖများ၏စုပေါင်း ထည့်ဝင်ငွေ ကျပ်သိန်း ၂၅၀ စီနှင့် မြို့နယ်အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၂၀၀၊ ရန်ကုန်ထရန်စဖော်မာနှင့် အီလက်ထရွန်နစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်သောင်းက ထည့်ဝင်ငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၇၀၀ ဖြင့် သရက်ပင်ဆိပ်ကျေးရွာ၌ 100 KVA ထရန်စဖော်မာတစ်လုံး၊ ကြက်ဆူတောကျေးရွာ၌ 100 KVA ထရန်စဖော်မာတစ်လုံး၊ မြို့မ(၂)လမ်း၌ 200 KVA ထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အုတ်ဖိုမြို့အဝင်လမ်းတစ်လျှောက်၌ ကွန်ကရစ် ဓာတ်မီးတိုင် ၁၄၀ တို့ကို စိုက်ထူတည်ဆောက်ပြီး ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ် မိုးညိုတန်းလမ်းမ၌ ကျင်းပသော မြို့နယ်အတွင်းရှိ ပြည်သူများ၊ ပြည်သူများ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး (11/0.4 KV)(100)KVA ထရန်စဖော်မာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်သိန်းတို့က ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျေးရွာမီးပေးရေး မီးခလုတ်ခုံရှိ Main Switch ကို တင်၍ ဓာတ်အားပို့လွှတ်ပေးသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့ အုတ်ဖိုမြို့နယ် ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာများနှင့် ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်–၂၊လျှပ်စစ်)

မြို့မီးလင်းရေးကော်မတီများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်မှပံ့ပိုးပေးသော 33/11 KV(2500 KVA) ဓာတ်အားခွဲရုံဖွင့်လှစ်ပွဲနှင့် မြေနေရာလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပြီး ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် လျှပ်စစ်ထရန်စဖော်မာ ဇေယျာအောင် ဓာတ်အားခွဲရုံသစ်အတွက် ငွေကျပ်သိန်း ၇၀ တန် မြေနေရာနှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို မြေပိုင်ရှင်များဖြစ်ကြသည့် ရန်ကုန်ထရန်စဖော်မာနှင့် အီလက်ထရွန်နစ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်သောင်းနှင့် အုတ်ဖိုမြို့နယ်မှ မြို့မိမြို့ဖ ဦးစိန်ဝင်းတို့က ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်ကြသည်။

ထို့နောက် အိုးသည်ကုန်းမြို့နယ် လျှပ်စစ်ဓာတ်အား တိုးချဲ့ရေးအတွက် 33/11 KV(1250) KVA ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွေးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက လက်ခံသည်။

ယင်းနောက် အုတ်ဖိုမြို့နယ် လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရန်ကုန်ထရန်စဖော်မာနှင့် အီလက်ထရွန်နစ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်သောင်းက အလှူငွေကျပ်သိန်း ၁၀၀၀နှင့် အုတ်ဖိုမြို့နယ်မှ အလှူရှင် အောင်သူကားပိုင်ရှင် ဦးဌေးဝင်းက အလှူငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်တို့က 33/11 KV (2500) KVA ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က 33/11 KV (2500) KVA လျှပ်စစ်ဓာတ်အားခွဲရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးထူးခြားခြား အင်တာနက်သတင်း

တောင်အမေရိကဒေသ ဥရုဂွေးတွင် ကမ္ဘာဦးကြွက်ကြီး၏ ဦးခေါင်းတွေ့ရှိ

ပေကျင်း ဇန်နဝါရီ ၁၆

တောင်အမေရိကတိုက်ဒေသတွင် လွန်ခဲ့သော နှစ်ပေါင်းလေးသန်းက သွားလာကျက်စားခဲ့သော ကားတစ်စီး အရွယ်အစားမျှကြီးမားသည့် ရောမ ကမ္ဘာဦးကြွက်၏ ဦးခေါင်းခွံရုပ်ကြွင်းကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိကြောင်း ဗုဒ္ဓဟူးနေ့က ထွက်ပေါ်လာသောသတင်းက ဖော်ပြသည်။

ယခုတွေ့ရှိရသော ကမ္ဘာဦးကြွက်မှာ ကမ္ဘာမြေပေါ်ရှိ ကြွက်မျိုးများအနက် အကြီးမားဆုံးသော အရွယ်အစားကြီးမားသည့် သတ္တဝါတစ်ကောင်ဖြစ်သည်။ ယင်းသည် သုံးမီတာရှည်ပြီး အမြင့် ၁ ဒသမ ၃မီတာရှိကာ ကိုယ်အလေးချိန် ၁၅၇ စတုန်အထိ လေးလံသည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။

ဥရုဂွေးနိုင်ငံ ရေးဗားပလိတ်ဒေသ ကီယူကမ်းခြေအရပ်တွင် ကမ္ဘာဦးကြွက်၏ဦးခေါင်းခွံကို တူးဖော်တွေ့ရှိခြင်းဖြစ်သည်။ ထိုဦးခေါင်းခွံ၏ အလျားမှာ ၅၃ စင်တီမီတာရှိပြီး ရှည်လျားသည့် သွားများလည်းပါရှိသည်။

ယင်းသတ္တဝါသည် ကြောက်မက်ဖွယ်အသွင်ရှိသော်လည်း အသားစားတိရစ္ဆာန်မျိုးမဟုတ်ဟုဆိုသည်။ ထိုသတ္တဝါ၏ပုံသဏ္ဌာန်မှာ ကြွက်နှင့်တူသည်ထက် ရေမြင်းနှင့် ပို၍ဆင်သည်ဟုဆိုသည်။

ယင်းသတ္တဝါမျိုးသစ်ကို သိပ္ပံအခေါ်အဝေါ်အားဖြင့် ဂျို့ဖိုအာတီဂါစီယာမိုနီးစီ(Josephoartigasia monesi)ဟု အမည်ပေးထားသည်။ တောင်အမေရိကဒေသရှိ ကြွက်မျိုးများကို အထူးပြုလေ့လာသည့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဥရုဂွေးနိုင်ငံသား အယ်လ်ဗာရိုမိုနီစ်ကို ဂုဏ်ပြုသောအားဖြင့် အထက်ပါအမည်ကို ပေးထားခြင်းဖြစ်သည်။***အင်တာနက်။***

ကားအရွယ်အစားမျှရှိသည့် ကမ္ဘာဦးကြွက်ကြီး၏ပုံသဏ္ဌာန်ကို ပန်းချီဆရာက သရုပ်ဖော်ထားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

အနုပညာကဏ္ဍ

ရုပ်ရှင်ဝါသနာပါသော မိဘမဲ့လူငယ်များ အခြေခံရုပ်ရှင်သင်တန်း ပညာသင်ဆုချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ငါးထပ်ဆင့် အကယ်ဒမီမောင်တင်ဦး ဖွင့်လှစ်သည့် အနုပညာနှလုံးအိမ် အခြေခံရုပ်ရှင်သင်တန်း အပတ်စဉ်(၁) တနင်္လာပတ်သင်တန်းကို ဖေဖော်ဝါရီ ၂၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါသင်တန်းတွင် ရွှေပုပ္ပားဦးအုံးခိုင်က မိဘမဲ့လူငယ်မောင်မယ် ငါးဦးကို သင်တန်းကြေးမယူဘဲ လေ့ကျင့်ပြုစုပျိုးထောင်သင်ကြားပေးမည်ဖြစ်သည်။

တက်ရောက်သင်ကြားလိုသူ လူငယ်မောင်မယ်များသည် (၈)တန်းအထိ ပညာသင်ကြားခဲ့ပြီး မိဘမဲ့ဖြစ်ခြင်း၊ သင်တန်းတက်ရောက်ရန် ရုပ်ရည်၊ အရပ်အမောင်းအဆင့်အတန်းမီခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံရမည်ဖြစ်သည်။ မိဘမဲ့ကျောင်းများမှ လူငယ်မောင်မယ်များကို ဦးစားပေးမည်ဖြစ်ပြီး ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် နေထိုင်သူလည်းဖြစ်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသော လူငယ်မောင်မယ်များသည် ရွှေပုပ္ပားဦးအုံးခိုင် အမှတ်(၂) မိုးကောင်းလမ်း ရန်ကင်းမြို့နယ်သို့ ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့)နောက်ဆုံးထား၍ လူကိုယ်တိုင် တွေ့ဆုံလျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လွင်မိုးခရီးသွားနေသည် အဖွဲ့ဝင်များ မြိတ်ကျွန်းစုများဆီသို့ စတင်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၂

ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီလွင်မိုး စီစဉ်သည့် "လွင်မိုးခရီးသွားနေသည်" ဒုတိယဇာတ်လမ်းတွဲ "မြိတ်ကျွန်းစုများဆီသို့" ဇာတ်လမ်းကို မကြာမီ စတင်ရိုက်ကူးတော့မည်ဖြစ်သည်။ အဆိုပါဇာတ်လမ်းတွဲနှင့် ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၂၀ ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ပြုလုပ်ပြီး ရိုက်ကူးမည့် တနင်္သာရီတိုင်းသို့ သရုပ်ဆောင် လွင်မိုးနှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၂၁ ရက် ညပိုင်းက စတင်ထွက်ခွာသွားကြပြီဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါ ရိုက်ကူးရေးအဖွဲ့တွင် အဖွဲ့ဝင် ၂၉ဦး လိုက်ပါသွားကြောင်း သိရှိရသည်။ (ကြေးမုံ)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Sitaheng Rasphone အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

✧ ကျောဖုံးမှ
မီးသတ်ဝတ်စုံနှင့် ကြက်ခြေနီဝတ်စုံများကိုလည်းကောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးက ဗီဒီယိုပြစက်တစ်လုံးကိုလည်းကောင်း၊ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက သုတ၊ ရသ စာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်လူတန်းစား၊ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လာသောကြောင့် နိုင်ငံတော်အနေဖြင့် ပြည်နယ်ဒေသအသီးသီးတွင် ကျောင်းများ၊ တက္ကသိုလ်များကို ငွေကုန်ကြေးကျခံကာ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်၊ မိမိတို့ဒေသ၊ ပြည်နယ်၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြမှသာလျှင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အလျင်အမြန်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းသည့် အခြေအနေများကို ရေရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

ပညာရေးကို မဏ္ဍိုင်ပြုပြီး လူငယ်များ၏စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးခြင်းဖြင့်သာ နိုင်ငံတော်၏အနာဂတ်ကို အမျိုးသားရေးလိုအပ်ချက်နှင့်အညီ ပုံဖော်တည်ဆောက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ အထက်မြန်မာပြည်မှ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားရာ၌ ယနေ့အချိန်အခါတွင် ပညာရေးကိုမဏ္ဍိုင်ပြုပြီး မျက်မှောက်ကာလမျိုးဆက်သစ်လူငယ်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးခြင်းအားဖြင့်သာ နိုင်ငံ၏အနာဂတ်ကို အမျိုးသားရေးလိုအပ်ချက်နှင့်အညီ ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာ ဆရာ၊ ဆရာမများသည် လူငယ်များကို ငယ်ရွယ်စဉ်ကပင်စတင် ပြုစုပျိုးထောင်ပေးနေသူများဖြစ်သည့်အတွက် ယနေ့တိုးတက်ဖြစ်ထွန်းနေသော ပညာရေးအခြေခံကောင်းများ၏အားကိုယူပြီး ကျောင်းသူကျောင်းသားလူငယ်များ၏ ပင်ကိုအရည်အသွေးနှင့် ဝါသနာဗီဇတို့ကို ဖော်ထုတ်မြှင့်တင်ပေးရင်း လူငယ်များ၏အရည်အသွေးကို နိုင်ငံ့လိုအပ်ချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စာပေပညာသင်ကြားပေးရုံသာမကဘဲ ကျွမ်းကျင်မှုတိုးတက်စေရန် စာရိတ္တနှင့်စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စေရန်၊ ရပ်တည်ချက်သဘောထားကို မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ဖြစ်ထွန်းတိုးတက်လာစေရန်၊ မိမိကိုယ်မိမိယုံကြည်တန်ဖိုးထားမှုကတစ်ဆင့် မိမိပါဝင်သော လူ့ဘောင်အဖွဲ့အစည်း၊ မိမိနိုင်ငံအပေါ် လေးစားမြတ်နိုးတန်ဖိုးထားမြှင့်တင်ပေးလိုစိတ် ဖြစ်ထွန်းလာစေရန် စသည့် အရည်အသွေး၊ စိတ်ဓာတ်နှင့် အလေ့အကျင့်ဓလေ့စရိုက်များပါ အပြုသဘော တိုးတက်ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ကျောင်းသူကျောင်းသားတပည့်များ၏ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ တစ်ဦးချင်း၏ဘဝ တိုးတက်ကြီးပွားစေရေးတို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်နေသည့် ပညာရေးအခြေခံကောင်းများ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးအတွက် ဆရာ၊ ဆရာမများက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ထို့ကြောင့် မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသားလူငယ်များကို သူ့ဘဝသူ ပျိုးထောင်နိုင်စေရန်သာမက နိုင်ငံကိုအလုပ်အကျွေးပြုနိုင်သည့် အရည်အသွေးနှင့်စိတ်ဓာတ်ပါ ပြည့်ဝစေရအောင် ဦးတည်ချက်ထားပြီး သွန်သင်ဆုံးမသင်ကြားပေးကြပါဟု မှာကြားလိုကြောင်း။

တပည့်လူငယ်များကို မှန်ကန်စွာသင်ကြားပြသနိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်အောင် လမ်းမှန်ညွှန်ပြဖေးမပေးနိုင်ရန်၊ လိမ္မာယဉ်ကျေးပြီး စာရိတ္တမြင့်မားအောင် သွန်သင်ဆုံးမရင်း စံပြအဖြစ်နေထိုင်ပြနိုင်ရန် အမြဲမပြတ် အားထုတ်ကြိုးပမ်းနေကြပါဟုလည်း တစ်ဆက်တည်းမှာကြားလိုကြောင်း။

ယင်းသို့ ဆရာနှင့်တပည့် တစ်သားတည်းဖြစ်ပြီး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေသည်နှင့်အမျှ တစ်ပြန်တစ်လှည့်အားဖြင့် ဆရာ့အရည်အသွေး ဆရာ့ဂုဏ်ပုဒ်တို့သည်လည်း အစဉ်အမြဲ တောက်ပြောင်ထက်မြက်မြင့်မားနေမှာ အမှန်ပင်ဖြစ်ကြောင်း။

ဆရာ့အရည်အသွေး ပြည့်ဝထက်မြက်သည်နှင့်အမျှ ထူးချွန်ထက်မြက်သည့် တပည့်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေမည်ဖြစ်သကဲ့သို့ ဆရာ့စိတ်ဓာတ် ထက်သန်မြင့်မားမှုလည်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်သောတပည့်များ တိုးပွားပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယင်းအတွက် ဆရာဆရာမများကိုယ်တိုင်က စိတ်ဓာတ်ရေးရာ မြင့်မြင့်မားမားထားရှိပြီး ပညာရပ်ဆိုင်ရာတွင် အမြဲမပြတ်သင်ယူလေ့လာနေရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်မှာလမ်းညွှန်ထားသည့် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းလမ်းညွှန်များအတွက် ဆရာများ၏ သင်ကြားမှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရေးကို ပထမဆုံး လိုအပ်ချက်အနေဖြင့် ထည့်သွင်းလမ်းညွှန်ထားသည်ကို အမြဲမပြတ် နှလုံးသွင်းပြီး မိမိတို့၏သင်ကြားမှုအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဆရာဆရာမများ၏ အရည်အသွေးမြင့်မားမှ ပညာရေးလောက တိုးတက်မြင့်မားပြီး နယ်ပယ်စုံကဏ္ဍစုံတွင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမှုနှင့်အတူ နိုင်ငံနှင့်လူမျိုးလည်း တိုးတက်ကြီးပွားနိုင်မည်ဖြစ်သည်ဆိုသည့် ဦးတည်ချက်ဖြင့် မိမိတို့၏ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းအသီးသီးတို့မှ သင်တန်းသားဆရာ ၂၁၅ဦးနှင့် သင်တန်းသူ ဆရာမ၁၀၈၇ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၂ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဇန်နဝါရီ၁၉ရက် ကမြောက်ဥက္ကလာပမြို့နယ် အထက(၁)၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန် ဆုပေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင် မောင်သာထက်အောင်အား ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ (အဂ္ဂမဟာ သီရိသုဓမ္မမဏိ ဇောတရေ) ဦးအောင်ကြည်မြင့် ရွှေဆွဲကြိုးဆုချီးမြှင့်စဉ်။ (ပညာရေး)

ပရိဝါသ်အခိဋ္ဌာန် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၂

နှစ်စဉ် တပို့တွဲလဆန်း ၁ ရက်နေ့တိုင်း ကျင်းပမြဲဖြစ်သော ပရိဝါသ်ဆောက်တည်ခြင်းဓမ္မသဘင်ကို ပဌမအကြိမ်အဖြစ် တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)၌ ၁၃၆၉ခုနှစ် တပို့တွဲလဆန်း၁ရက်မှ လပြည့်ကျော် ၅ ရက်အထိ ကျင်းပမည်။ သုဒ္ဓန္တ(၁၀)ရက်၊ အဋ္ဌသမောဓာန(၁၀)ရက်ဖြစ်၍ (၁၀)ဝါရနှင့်အထက် ရဟန်းတော်အပါး ၂၀သာ လက်ခံမည်ဖြစ်သည်။

ရဟန်းတစ်ပါးအတွက် ကုဋီ၊ ရေချိုးခန်းစသည့် အပြည့်အစုံပါရှိသည့် သီးသန့်တစ်ပါးနေ ကျောင်းဆောင်ငယ်များ စီစဉ်ထားပြီး အသားလွတ်ဆွမ်းဟင်းဆက်ကပ်၍ သပိတ်ပါလှူဒါန်းမည်ဖြစ်သည်။ ပြာသိုလပြည့်ကျော် ၁၁ ရက် နောက်ဆုံးထား၍ ကိုယ်တိုင်(သို့မဟုတ်) ဖုန်း-၆၃၈၀၈၈ သို့ ကြိုတင်စာရင်းပေးသွင်းပြီး ရိပ်သာသို့ ပြာသိုလကွယ်နေ့အရောက်ကြွရောက်ပါရန်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော် ဘဒ္ဒန္တသောမဗုဒ္ဓိက ပင့်လျှောက်ထားကြောင်းသတင်းရရှိသည်။ (ကြေးမုံ)

အောင်မြေဗောဓိ စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည့်ရှု

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ (ထားမလုံ)၌ တည်ထားသော အောင်မြေဗောဓိ စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ (ထားမလုံ)၌ တည်ထားသော အောင်မြေဗောဓိ စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည့်ရှုကြပြီး စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။

အဆိုပါမဟာမင်္ဂလာအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အဆိုတော် ဒေါ်တင်တင်မြက ထူးမခြားနားရောင်ခြည်တော်ဘွဲ့ဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်း မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဥပသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို သယ်ဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လှူဒါန်းသော စိန်ဖူးတော်ကို ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကိုယ်စား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရွှေထီးတော် ဘုံဆင့်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆိုတော် ဒေါ်ရီရီသန့်က စေတီယပူဇာမင်္ဂလာ ရတုတေးထပ်ဖြင့် သီဆိုပူဇော်ပြီး စေတီတော်မြတ်ကြီး၏ အင်ဂျင်နီယာအဖွဲ့ခေါင်းဆောင်က စေတီတော်မြတ်ကြီးအား ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လှူဒါန်းသော စိန်ဖူးတော်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆရာတော်ထံ ကိုယ်စားဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့နှင့် အလှူရှင်များက သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အောင်မြေဗောဓိ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ကပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကာ မင်္ဂလာရထားပျံသို့ ပင့်ဆောင်ကြပြီး အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအချိန် နံနက် ၉ နာရီ ၁၈ မိနစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများက စေတီတော်မြတ်ကြီးအတွက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အောင်မြေဗောဓိ စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်သည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဥပသကာ အဖွဲ့ဝင်များက အရန်စေတီများအား ရွှေထီးတော်များကို တင်လှူပူဇော်ကြပြီး မဟာမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားအပြီးတွင် စေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက အောင်မြေဗောဓိ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

(သတင်းစဉ်)

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း (၃)လမ်းမှတ်တိုင်ရှိ အဘိဓမ္မာရတနာဃရဓမ္မဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်နှင့် အသက်(၈၀)ပြည့် အတူနေ မိဘများစာရင်းနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရအသင်းသား၊ အသင်းသူများ၏ သားသမီးများ အမည်စာရင်းကို ဖေဖော်ဝါရီ ၃ ရက်မတိုင်မီ ပေးပို့ရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန် နိုးဆော်ထားသည်။

အလှူငွေများကို ဦးလှမြင့် ဖုန်း-၂၂၄၃၉၁၊ ဦးမြင့်သိန်း ဖုန်း-၂၀၁၇၃၁ နှင့် ဦးလှမြင့် (ရွှေဟင်္သာ) ဖုန်း-၂၅၂၇၉၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယင်းအစည်းအဝေး၌ ပြုလုပ်မည်ဖြစ်၍ တက္ကသိုလ်ဝင် စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများသည် အသင်း၁-ဥက္ကဋ္ဌ ရဲသူရသန်းလှိုင် ဖုန်း-၀၉၈၀၂၁၃၄၅၊ ဘဏ္ဍာရေးမှူး ဦးခင်ဦး ဖုန်း-၅၁၄၈၇၉ နှင့် ပြန်ကြားရေးမှူး ဦးတင်ခိုင် ဖုန်း-၃၈၅၉၃၀ တို့ထံ ထောက်ခံချက် အထောက်အထားများ ပြည့်စုံစွာဖြည့်စွက်ပြီး တင်ပြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

၂၃-၁-၂၀၀၈ရက်တွင် ဒေါ်အိမ်ခင်တစ်နှစ်ပြည့်အား ရည်စူး၍ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဦးမြတင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ ရွှေလင်ပန်းတံတား
- ၈:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
- ၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄:၅၅ ၅။ မြန်မာစာ၊မြန်မာစကား
- ၅:၀၅ ၆။ သီချင်းကြိုးပဒေသာ
- ၅:၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၅၀ ၁၂။ **"မြူတိမ်ကင်းသောနေ့" (ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]**
- ၇:၀၀ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၇:၄၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ Franz Hararay's Magic Planet
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "အက်စစ်ချို" (လူမင်း၊ထက်ထက်မိုးဦး) (ဒါရိုက်တာ-နေပိုင်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ဆပ္ပါဏကောမသုတ္တံ"တရားတော် ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယဆရာတော်)
၇:၅၅-၁:၅၅	IndustrialTalk[ဦးသိန်းစိုး၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၃၅-၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀-၃:၀၀	ဘွားအိမ်ပြည့်(၁၀၃)နှစ်ပြည့်အလှူတော်မင်္ဂလာ
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	ပျော်ရွှင်နွဲပျော် မြန်မာ့ရိုးရာရှင်ပြုနားသအလှူတော်
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	Midweek Sports News
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း"အပိုင်း(၁)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	နုယဉ်ဆန်းထွင် သစ်သီးအလှဆင် (ပန်းသီးဖြင့် ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်နည်း)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	တူးမြောင်းများ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	**"နတ်လူ သာခုခေါ်စေသော်" ခေတ်သစ်၊ဝိုင်း စုခိုင်သိန်း၊ သတိုးဇော (ဒါရိုက်တာ-သော်ကိုကိုကျော်)**
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅-၅:၄၅	လန်းဆန်းတက်ကြွကလေးဘဝ (ကလေးသရုပ်ဆောင် အိန်အိန်းနှင့်တွေ့ဆုံခြင်း)
၁၂:၀၅-၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	Antioxidants & Your Health (အပိုင်း-၁)(ဒေါက်တာဝင်းထွန်း)
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	International Video Topics (ပျောက်ဆုံးနေသောရှေးဟောင်းမြို့တော် အပိုင်း-၁)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations 2008 ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Tunisia-Senegal	Euro Sport (Live)
၂:၀၀	South Africa-Angola	Euro Sport (Live)

မြန်မာနိုင်ငံ ဆရာဝန်ညီလာခံအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးအားကစားအဖွဲ့က ကြီးမှူး ကျင်းပသည့် အထက်မြန်မာနိုင်ငံ ဆရာဝန်ဂေါက်သီးရိုက်အသင်းနှင့် အောက်မြန်မာနိုင်ငံ ဆရာဝန်ဂေါက်သီးရိုက်အသင်းတို့ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ပန်းလှိုင်ဂေါက်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အောက်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းက ၂၄ မှတ်၊ ၆ မှတ်ဖြင့် အနိုင်ရရှိသည်။

အောက်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းကို ရန်ကုန်မြို့မှ ပါမောက္ခ ဒေါက်တာ ဦးကံညွန့်(မျက်စိ)က ဦးဆောင်၍ အားကစားအဖွဲ့ဝင် ၂၀ ပါဝင်ပြီး အထက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းကို မန္တလေးမှ သမားတော်ကြီး ဒေါက်တာ ဦးသန်းထွန်းက ခေါင်းဆောင်ကာ အားကစားအဖွဲ့ဝင် ၂၀ ပါဝင်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၆)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များ၏ (၂၅)ကြိမ်မြောက် ပရိယတ္တိအာဂုံပြန်စာမေးပွဲကြီးကို ဇန်နဝါရီ ၈ ရက်က ကျိုက္ကဆံဘုရားလမ်း ကျိုက္ကဆံသီလရှင် စာသင်တိုက်၌ကျင်းပရာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့ စာမေးပွဲဖြေဆိုနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။ (၅၀၆)

မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အမျိုးသား(၃၅)နှစ်နှင့် အထက်၊ အမျိုးသား(၄၅)နှစ်နှင့် အထက်၊ အမျိုးသား(၅၅)နှစ်နှင့် အထက်၊ အမျိုးသားအသက် (၆၀)နှင့် အထက်တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀ သို့ ဇန်နဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကော့မှူးမြို့နယ် အခြေခံပညာမူလတန်းကျောင်းများ အုပ်စုအမှတ်(၆) ကိုးထောင်အုပ်စု အုပ်စုမှူးဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်က နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကျင်းပရာ ဗိုလ်စွဲသွားသော အမက ကံသုံးကန်အသင်းအား အုပ်စုမှူး ဦးမြင့်ရွှေ ဆုဖလားချီးမြှင့်စဉ်။ (က-ပ)

မြန်မာလူငယ်လက်ရွေးစင် ဂေါက်သီးရိုက်အဖွဲ့ မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ မလေးရှားနိုင်ငံ Selangor Darul Ehsan ရှိ Glenmarie Golf and Country Club ၌ ကျင်းပမည့် ပထမအကြိမ် အာဆီယံ လူငယ်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အတွက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည် ခေါင်းဆောင်သော မြန်မာလူငယ် လက်ရွေးစင်ဂေါက်သီးရိုက်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာလူငယ်လက်ရွေးစင်ဂေါက်သီးရိုက်အဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ်လက်ရွေးစင်ဂေါက်သီးရိုက်အဖွဲ့တွင် နည်းပြအဖြစ် ဦးမျိုးထွန်း၊ လူငယ်လက်ရွေးစင်များအဖြစ် နေဗလဝင်းမြင့်၊ စွမ်းသီဟအောင်၊ ရဲထက်အောင် (အမျိုးသားအဆင့်)၊ ယဉ်မေမျိုး၊ ကေသန့်စင်နှင့် မေဦးခိုင် (အမျိုးသမီးအဆင့်)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပထမအကြိမ် အာဆီယံလူငယ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်လက်ရွေးစင် ဂေါက်သီးရိုက်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်)

ကြေးမုံ The Mirror မှုခင်းသတင်းများ

အရှိန်လွန်သည့်ကား သစ်ပင်ကိုတိုက်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၅)ရပ်ကွက် ရွှေနှင်းဆီလမ်းနှင့် ထားဝယ်လမ်းထောင့် Grand Royal တည်းခိုခန်း အနောက်ဘက် အနီးရှိပိတောက်ပင်တစ်ပင်ကို ဇန်နဝါရီ ၂၀ ရက် ည ၁၀ နာရီကျော်ခန့်က နီဆန်းအနက်ရောင် ကားတစ်စီးက ဝင်ရောက်တိုက်မိမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် ည ၁၀ နာရီကျော်ခန့်တွင် ကားအမှတ် (န/၅၀၅၀) နီဆန်း အနက်ရောင် ငါးချိတ်ကားသည် (၂၅)ရပ်ကွက်နှင်းဆီလမ်းမှ ထားဝယ်လမ်းမပေါ်၌ မောင်းလာစဉ် ယင်းလမ်းနှစ်လမ်းထောင့် Grand Royal တည်းခိုခန်း နောက်ကျောဘက်အနီးရှိ ပိတောက်ပင်အား အရှိန်မထိန်းဘဲတိုက်မိပြီး ယာဉ်ဦးခေါင်းပိုင်းမှာ ကြေမွပျက်စီးသွားကာ ယာဉ်မောင်းသူမှာလည်း ညာဘက်လက် ထိခိုက်ဒဏ်ရာရရှိသွားသည်ဟု သိရသည်။ (၅၀၆)

လမ်းလယ်ကျွန်းပေါ်ရှိ ဓာတ်တိုင် အငှားယာဉ်ဝင်တိုက်၍ ယိမ်းယိုင်

ရန်ကုန် ဇန်နဝါရီ ၂၂

စမ်းချောင်းမြို့နယ် ဗားကရာလမ်းမကြီးပေါ်ရှိ အလယ်ကျွန်းလမ်းမီးဓာတ်တိုင်ကို အငှားယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဇန်နဝါရီ ၂၁ ရက် ည ၈ နာရီခွဲက တက်ရောက်တိုက်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ စမ်းချောင်းမြို့နယ် ဗားကရာလမ်းမကြီးပေါ်တွင် အရှေ့မှ အနောက်သို့ မောင်းလာသော ၈/၄၂၇၆ ကိုရိုလာအငှားယာဉ် အဖြူရောင်သည် မြေနီကုန်းမီးပွိုင့်အလွန် ပဒုမ္မာယဉ်ကျေးမှု ဓာတ်ရုံရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ အလယ်ကျွန်းပေါ်ရှိ လမ်းမီး ဓာတ်တိုင်ကိုဝင်တိုက်ရာ ဓာတ်တိုင်မှာ အောက်ခြေအင်္ဂတေကြေမွပဲ့ထွက်ပြီး လဲကျလုနီးဖြစ်ကာ ကားရှေ့ပိုင်းကြေမွသွားသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် သီလရှင်နှစ်ပါး မျက်လုံး၊ နဖူး၊ ကျောနှင့် ခြေသလုံးတို့တွင် ပေါက်ပြဲဒဏ်ရာများရရှိသွားသည်။ ယာဉ်မောင်းသူလည်း ထိခိုက်ဒဏ်ရာ ရရှိသွား၍ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသပေးထားသည်။

ယာဉ်မောင်း ဖိုးအေး (၃၅)နှစ် (၁၀၇) ရပ်ကွက် ကျောင်းလမ်း ဒဂုံတောင် နေသူအား ယာဉ်မှုစစ်မှ အရေးယူဆောင်ရွက်ထား ကြောင်းသိရသည်။ (၀၄)

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲသတင်းများ

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ဆီမီးဖိုင်နယ်တက်ပြီ

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဆီမီး ဖိုင်နယ်ပွဲစဉ်များကို ယနေ့ကျင်းပရာ အဆင့်(၅) ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာနှင့် ကမ္ဘာ့အဆင့်(၁)ရှိသူ ဂျပ်စ်တင်ဟီနင်တို့ ထိပ်တိုက်တွေ့ကြသည်။

ထိုပွဲတွင် မာရီယာရှာရာပိုဗာက ဂျပ်စ်တင်ဟီနင်အား ၆-၄၊ ၆-၀ ဖြင့် အနိုင်ကစားပြီး ဆီမီးဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။ မာရီယာရှာရာပိုဗာသည် ယနေ့ပွဲတွင် လက်ရည်အထူးကောင်းနေပြီး ဟီနင်မှာ လက်မတွေ့ဘဲ ဖြစ်နေသည်ကို တွေ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မာရီယာရှာရာပိုဗာသည် ဂျီလီနာဂျန်ကိုဗစ်နှင့် ဇန်နဝါရီ ၂၄ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဩစတြေးလျ အိုးပင်းတင်းနစ်ပွဲ၌ မာရီယာရှာရာပိုဗာသည် ဆီမီးဖိုင်နယ်သို့ လေးကြိမ်မြောက်အဖြစ် တက်လာခြင်းပင်ဖြစ်သည်။

အင်တာနက်။

ကမ္ဘာ့အဆင့်(၁) ဂျပ်စ်တင်ဟီနင်ကို နိုင်ကာ ဆီမီးတက်သွားသူ ရှာရာပိုဗာ။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျန်ကိုဗစ်က ဆီရီနာဝီလျံကိုနိုင်ပြီး ဆီမီးတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

မဲလ်ဘုန်းမြို့တွင် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ယနေ့ဆက်လက်ကျင်းပရာ အမျိုးသမီး ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘာ့တတိယအဆင့်ရှိသူ ဂျယ်လီနာဂျန်ကိုဗစ်နှင့် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလီယမ်တို့ ယှဉ်ပြိုင်ကြရာ ဂျန်ကိုဗစ်က ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲတွင် ဆီရီနာမှာ သွက်သွက်လက်လက်မရှိလှဘဲ ဂျန်ကိုဗစ်၏လက်ပြန်ရိုက်ချက်များကို ပြန်လည်မတုံ့ပြန်နိုင်ပေ။ ပွဲအပြီးတွင် ဆီရီနာက ယနေ့ပွဲတွင် သူမ လက်မတွေ့ကြောင်း၊ ဖိနပ်မှာလည်း မိမိအတွက် အဆင်မပြေလှကြောင်း ပြောကြားသည်။

မည်သို့ဆိုစေ သူမရိုက်ချက်၌ အမှားများရှိခဲ့ပြီး ဂျန်ကိုဗစ်က လက်သာ၍သာ နိုင်သွားခြင်းဖြစ်ကြောင်း ဆီရီနာက ဝန်ခံသွားသည်။

ဂျန်ကိုဗစ်က ယမန်နှစ် ဆီရီနာကို ရှုံးနိမ့်ခဲ့ရသည်ကို ပြန်ချေပခွင့်ရခြင်းဖြစ်ကြောင်း၊ ယနေ့ပွဲကစားရသည်ကို ကျေနပ်အားရကြောင်း ပြောကြားသည်။ ဆာဘီးယားသူ ဂျန်ကိုဗစ်သည် ကြာသပတေးနေ့တွင် ရုရှားသူ ရှာရာပိုဗာနှင့် ဆီမီးဖိုင်နယ်ပွဲ ကစားရမည်ဖြစ်သည်။

အင်တာနက်။

ကွာတားဖိုင်နယ်ပွဲကစားစဉ် ဟန်ချက်ပျက်သွားသော ဂျန်ကိုဗစ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

မြေသြဇာကြဲပက်မှု ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းပန်မြို့ရှိ တောင်သူ ဦးဗျယောဟန်၏ နွေစပါးစံပြ နှစ်ဧက စိုက်ခင်း၌ စုပေါင်းမြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းပန်တပ်နယ်မိသားစုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မိုင်းပန်တပ်နယ်ခန်းမသို့ ရောက်ရှိပြီး နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှု အခြေအနေ၊ မိုင်းပန်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများကို ယခင်ကထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့က မိုင်းပန်တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်များ၊ စက်ဘီးများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းပန်မြို့အထွက်ရှိ တောင်သူ ဦးဗျယောဟန်၏ နွေစပါးစံပြ နှစ်ဧက စိုက်ခင်း၌ စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ တက်ရောက်အားပေးကြပြီး တောင်သူဦးရီခမ်း၏ ဆီထွက်သီးနှံနေကြာ(သီးညှပ်) တစ်ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များသည် မိုင်းပန်မြို့နယ်ရှိ ဌာနဆိုင်ရာများ တွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းပန်မြို့နယ်အတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စာမျက်နှာ ၈ ကော်လံ ၅ သို့ ✧

ကြေးမုံ The Mirror ယနေ့သတင်းအညွှန်း

ကလင်တန်နှင့် အိုဘားမား စကားစစ်ထိုးပွဲ၌ အငြင်းပွား၊ အစ္စရေးနိုင်ငံတွင်းသို့ ဟားမတ်စ်တို့ ဒုံးကျည် ၂၀၀ကျော် ပစ်ခတ်၊ အီရတ်၌ဗုံးပေါက်ကွဲ (နိုင်ငံတကာသတင်းများ) စာမျက်နှာ-၄၊ ၅

တစ်ပတ်အတွင်း နိုင်ငံတကာ သုံးသပ်ချက် ဆောင်းပါး (လှိုင်အောင်) စာမျက်နှာ-၆

မှုခင်းသတင်းနှင့် အားကစားသတင်းများ စာမျက်နှာ-၁၀

ကြေးမုံ The Mirror တို့ လူ့သက်တမ်း အရှည်ဆုံးနိုင်ငံ

ကမ္ဘာပေါ်တွင် လူ့သက်တမ်း အရှည်ဆုံးနိုင်ငံမှာ ၂၀၀၅ခုနှစ် မှတ်တမ်းများအရ ဥရောပတိုက် အနောက်တောင်ဒေသရှိ အင်ဒိုရာ နိုင်ငံဖြစ်သည်။ ပျမ်းမျှ လူ့သက်တမ်း ၈၃ ဒသမ ၅၁ နှစ်ဖြစ်ပြီး အမျိုးသားသက်တမ်း ၈၀ ဒသမ ၆ နှစ်နှင့် အမျိုးသမီး သက်တမ်း ၈၆ ဒသမ ၆ နှစ် ဖြစ်သည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား